# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၃၉)၊ ၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၀ ရက် ၊ ၃-၈-၂၀၂၅၊ တနင်္ဂနွေနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံပွဲတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများအား စစ်ဆေး၊ တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## မိမိတို့အနေဖြင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ စီးပွားရေးတို့တွင် တစ်ပြေးညီတည်ငြိမ်တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရမည်

နေပြည်တော် ဩဂုတ် ၂

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။


စာမျက်နှာ ၃ သို့ ✻


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဩဂုတ် ၃ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

# စည်းကမ်းသည် လူ့တန်ဖိုးကို ဖော်ညွှန်းပြသလျက်ရှိ

စည်းကမ်းသည် ဥပဒေ၏ အစဖြစ်ပြီး ငယ်စဉ်ကတည်းကပင် လိုက်နာတတ်စေရန်၊ စည်းကမ်းနှင့်လူ တစ်သားတည်းကျစေရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သည်။ လူတစ်ဦးချင်းတွင် စည်းကမ်းကောင်းမွန်သူသည် တိုးတက်ကြီးပွားသကဲ့သို့ စည်းကမ်းကောင်းသည့် မိသားစု၊ စည်းကမ်းကောင်းသည့် နိုင်ငံနှင့်လူမျိုးတို့သည်လည်း တိုးတက်ကြီးပွားကြသည်။

လူသားတိုင်း မိမိဘဝကို မြင့်မားစွာတည်ဆောက်နေထိုင်လိုသူများဖြစ်ကြသည်။ သို့သော် စိတ်ကဖြစ်ချင်ပါသော်လည်း လက်တွေ့တွင်မူ မဖြစ်နိုင်ကြပါ။ လူနည်းစုကသာ အောင်မြင်စွာတည်ဆောက်နိုင်ကြသည်။ အကြောင်းကားလိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ ဖွဲနှင့်လုံ့လတို့ လိုအပ်နေသောကြောင့်ဖြစ်သည်။ အဆိုပါအချက်များအနက် လူသားတို့၏ဘဝမြင့်မားတိုးတက်အောင် ဖန်တီးပေးနိုင်သောအချက်မှာ စည်းကမ်းဟု ပြောလိုပါသည်။ တစ်နည်းအားဖြင့် စည်းကမ်းသည် လူ့တန်ဖိုးကို ဖော်ညွှန်းပြသနေသည်။ စည်းကမ်းသည် စည်းနှင့်ကမ်းဟူသော စကားလုံးတို့ကို ပေါင်းစပ်ထားခြင်းလည်းဖြစ်သည်။ စည်းဆိုသည်မှာ အရံအတား၊ အကန့်အသတ်ဟု အနက်ရပါသည်။ ထို့အတူ ကမ်းသည် လှိုင်းတံပိုးတို့မှ လွန်မြောက်ရာ အရပ်ဟု ဆိုကြသည်။ ထို့ကြောင့် စည်းကမ်းသည် လူ့ဘောင်လောကမှ သတ်မှတ်ထားသော သတ်မှတ်ချက်၊ အကန့်အသတ်များကို မကျူးလွန် မချိုးဖောက်မိစေရန် ချမှတ်ထားသောအချက်များပင်ဖြစ်သည်။ စည်းကမ်းကို ငယ်ရွယ်စဉ်ကျောင်းသားလူငယ်ဘဝကပင် အလေ့အကျင့်ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ အလေ့အကျင့် စွဲမြဲနေပါက စည်းကမ်းလိုက်နာရသည်ကို ဝန်ထုပ်ဝန်ပိုးအဖြစ် မမြင်နိုင်တော့ပါ။ ပညာသင်စဉ် ပထမအရွယ်ကပင် စည်းကမ်းကို လိုက်နာတတ်ကြသူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။ ကျောင်းနေစဉ်အရွယ်တွင် ကျောင်းကသတ်မှတ်ထားသော စည်းကမ်းဟူသမျှကို တိကျစွာလိုက်နာရမည်ဖြစ်သည်။ ထို့ပြင် ဒုတိယအရွယ်၊ တတိယအရွယ်တို့တွင် သတ်မှတ်ထားသည့် အလုပ်ခွင်စည်းကမ်းကို လေးစားစွာ လိုက်နာဖို့ လိုအပ်မည်ဖြစ်သည်။ စည်းကမ်းဟူသည် လူသားတို့၏ ကိုယ့်ကျင့်တရားနှင့် ဆက်နွယ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ဘဝအောင်မြင်ရေး၊ဘဝရပ်တည်ရေးကိစ္စရပ်များတွင် စည်းကမ်းနှင့်အညီ ပြုမူနေထိုင်ဆောင်ရွက်တတ်ခြင်းကြောင့် အောင်မြင်မှုများနှင့်သာကြုံရတတ်သည်။ သို့သော် စည်းကမ်းမဲ့သူများသည် မိမိကိုယ်သာမက မိမိပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက်ပေးတတ်ကြသည်။ ဘဝအောင်မြင်ရေးတွင်စည်းကမ်းမဲ့ခြင်းကြောင့် အောင်မြင်မှုနှင့်အလှမ်းကွာဝေးနေတတ်သည်။ ထို့ကြောင့် နေရာတိုင်း၌ ချမှတ်ထားသော စည်းကမ်းတိုင်းကို လိုက်နာနိုင်လျှင် အကျိုးများစွာဖြစ်ထွန်းနိုင်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထို့ပြင် ကျောင်းသားလူငယ်များသည် ကျောင်းတွင်းလှုပ်ရှားမှုပွဲများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အများအကျိုးကို သယ်ပိုးထမ်းရွက်နိုင်မည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်မည့်အပြင် ကျောင်းသားများ စုပေါင်းဆောင်ရွက်ခြင်းဖြင့် လူမှုဆက်ဆံရေး ကျယ်ပြန့်လာပြီး စည်းကမ်းလိုက်နာတတ်ခြင်းများ ရရှိလာမည်ဖြစ်သည်။ စည်ကမ်းသည် လူ့တန်ဖိုးကို ဖော်ညွှန်းပြသလျက်ရှိရာ ငယ်ရွယ်စဉ်ကပင် စည်းကမ်းနှင့်အညီ နေထိုင်တတ်သူများ၊ စည်းကမ်းကို အစဉ်လိုက်နာသူများ၊ စည်းကမ်းကိုတန်ဖိုးထားတတ်သူများဖြစ်အောင် ပြုမူနေထိုင်သင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၄ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၀ လမ်း၊ ဒေါနဘွားကားဝင်းအနီး၊ ဓာတ်ငွေ့စက်ရုံရှေ့နှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွမွှာရုံ၊ စစ်ကိုင်း-မန္တလေးလမ်း အရှေ့ဘက်တို့တွင်လည်းကောင်း၊ ဩဂုတ် ၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်(ဈ-၁နှင့်၂)ကြား၊ ၆၁လမ်းနှင့် ၁၀၇ လမ်းထောင့်တို့တွင်လည်းကောင်း၊ ဩဂုတ် ၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ ၄၂လမ်း၊ လမ်း၈၀နှင့် ၈၀လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားတို့တွင်လည်းကောင်း၊ ဩဂုတ် ၇ ရက်တွင်အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ဘုန်းကြီးကျောင်းဝင်းအတွင်းတွင်လည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၁၀၅လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

# ကျေးရွာအုပ်စု (၃၄)အုပ်စု၌ မိုးနှမ်း (၃၂၃၄)ဧက စိုက်ပျိုး

**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်းစားသုံးဆီဖူလုံရေး ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကျေးရွာအုပ်စု (၃၄)အုပ်စု၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးနှမ်း (၃၂၃၄)ဧက စိုက်ပျိုးကြောင်း သိရသည်။

မိုးနှမ်းသီးနှံများစိုက်ပျိုးရာ၌ ပန်းခွာကျေးရွာအုပ်စုတွင်(၂၆)ဧက၊ ကျီးပြကျေးရွာအုပ်စုတွင် (၆၉)ဧက၊ သင်ပျိုကျေးရွာအုပ်စုတွင် (၁၀၇)ဧက၊ ကျီးအိပ်ကျေးရွာအုပ်စုတွင် (၁၃၅)ဧက၊ ဒွေးလှကျေးရွာအုပ်စုတွင်(၃၅)ဧက၊ အနောက်ငါးဆူကျေးရွာအုပ်စုတွင် ဧက(၁၄၀)၊ ရှားပင်ကျေးရွာအုပ်စုတွင် (၁၀၃)ဧက၊ ဒါန်းတိုင်ကျေးရွာအုပ်စုတွင်(၈၅)ဧက၊ ရန်ဘက်လိုကျေးရွာအုပ်စုတွင် (၂၆)ဧက၊ ပေတောကြီးကျေးရွာအုပ်စုတွင် (၁၆၅)ဧက၊ ဘုံကွင်းကျေးရွာအုပ်စုတွင် (၁၃)ဧက၊ စင်းကွန်းကျေးရွာအုပ်စုတွင် ဧက(၆၀)၊ အရှေ့ငယ်တိုးကျေးရွာအုပ်စုတွင် (၁၃၅)ဧက၊ ရဲဘော်ကြီးကျေးရွာအုပ်စုတွင် (၁၂၀၉)ဧက၊ ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စုတွင် ဧက(၅၀)၊ ရွာသစ်ကျေးရွာအုပ်စုတွင် (၁၅)ဧက၊ ရေသရောက်ကျေးရွာအုပ်စုတွင် (၁၅)ဧက၊ ချောင်းဆုံကျေးရွာအုပ်စုတွင် (၁၅)ဧက၊ သရက်ပင်ကျေးရွာအုပ်စုတွင် (၂၅)ဧက၊ ရဲကျေးရွာအုပ်စုတွင် (၁၅)ဧက၊ ကြက်သားဟင်းကျေးရွာအုပ်စုတွင် (၅၄)ဧက၊ သင်ကတုံကျေးရွာအုပ်စုတွင် (၂၆)ဧက၊ အရှေ့သာဂရကျေးရွာအုပ်စုတွင် (၃)ဧက၊ ကလေးကျေးရွာအုပ်စုတွင် (၁၂၄)ဧက၊ မှိုင်းပန်ကျေးရွာအုပ်စုတွင် (၁၃၂)ဧက၊ ပြည်တော်သာကျေးရွာအုပ်စုတွင် ဧက(၂၀)၊ ရှမ်းတောင်ဦးကျေးရွာအုပ်စုတွင် (၇၄)ဧက၊ သံရွာကျေးရွာအုပ်စုတွင် (၁၅၅)ဧက၊ ခါးတွန့်ကျေးရွာအုပ်စုတွင် ဧက(၃၀)၊ ဆူလေကုန်းကျေးရွာအုပ်စုတွင် (၉)ဧက၊ မြေစိုမိုးကျေးရွာအုပ်စုတွင် (၁၅)ဧက၊ ပေါင်လောင်ကျေးရွာအုပ်စုတွင် (၄၅)ဧက၊ တောင်တော်ကျေးရွာအုပ်စုတွင် (၇၁)ဧက၊ ကင်းကျေးရွာအုပ်စုတွင် (၁၅)ဧက စုစုပေါင်း ကျေးရွာအုပ်စု(၃၄)အုပ်စု၌ မိုးနှမ်း (၃၂၃၄)ဧက စိုက်ပျိုးကြောင်း သိရသည်။



မိုးနှမ်းသီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ရေး တန်းဆွဲစနစ်၊ ပေါင်ကြီးတင်စနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးလာကြပြီး မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့မှ တာဝန်ရှိသူများကလည်း ဒေသနှင့်ကိုက်ညီသည့် နှမ်းမျိုးများဖြန့်ဝေခြင်း၊ အပင်ပြုစုရိတ်သိမ်းခြင်းနည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(အောက်ပုံ)**

**သက်မောင်(ကျောက်ဆည်)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail. com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများကို တိုင်းမှူးထံ ပေးအပ်စဉ်။

* ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိကြရာ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်က တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ အရာရှိ၊ စစ်သည်များ မိသားစုများ၏သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လိုအပ်သည်များလမ်းညွှန်မှာကြား**

ရှင်းလင်းတင်ပြမှုများပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားရန်၊ သစ်တောသယံဇာတများ တရားမဝင်ထုတ်ယူမှုမရှိစေရေး စနစ်တကျကြီးကြပ်ဆောင်ရွက်သွားရန်၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အေးချမ်းဖြိုးခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊တပ်နယ်မှအရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက်**

ထိုသို့တွေ့ဆုံအမှာစကား ပြောကြားရာတွင် တပ် / ဌာနချုပ်များအနေဖြင့် အချိန်အခါအလိုက် လုပ်သင့်လုပ်ထိုက်သည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်သားများသည် မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက်တာဝန် ထမ်းဆောင်ကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ တပ်မတော်မှပေးအပ်သည့်တာဝန်များကို စဉ်ဆက်မပြတ် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လွတ်လပ်ရေးရရှိပြီးချိန်၌ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ၏အချုပ်အခြာအာဏာ ထိခိုက်လာမှုအပေါ် တပ်မတော်မှ ကျားကုတ်ကျားခဲ ကြိုးပမ်းကာကွယ်ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိခါစက ပါလီမန်စနစ်ကိုကျင့်သုံးခဲ့ပြီးနောက် ဆိုရှယ်လစ်စနစ် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး စီးပွားရေးလုပ်ငန်းများတွင်လည်း ပုဂ္ဂလိကပိုင်ဆိုင်ရာများတွင် ကန့်သတ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများတွင်လည်း ညီညွတ်မှုများ ပျက်ပြားလာခဲ့ကြောင်း၊ ပြည်ပနိုင်ငံများက အားပေးကူညီလုပ်ဆောင်ခဲ့သည့် မှောင်ခိုစီးပွားရေးများကြောင့်လည်း ပြည်တွင်းစီးပွားရေးကို ထိခိုက်ကျဆင်းစေခဲ့ပြီး တိုင်းပြည်၏ သယံဇာတများကိုလည်း *စာမျက်နှာ ၄ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

ပြည်ပသို့ တရားမဝင်နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲမှုများ များပြားကြောင်း၊ အလားတူ ရာသီဥတုဖောက်ပြန်မှုများကြောင့်လည်း စားရေ ရိက္ခာများ ရှားပါးမှုပြဿနာများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်မှစတင်၍ နိုင်ငံအတွင်း အခက်အခဲအကျပ်အတည်းများဖြစ်ပေါ်လာခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း။

ထို့နောက် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းစေခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**စီးပွားရေးလုပ်ငန်းများ ပိုမိုအားပေးဆောင်ရွက်**

စီးပွားရေးနှင့်ပတ်သက်၍ ပြည်သူလူထုနှင့် တိုင်းပြည်ကိုအကျိုးပြုသည့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ရန်လိုကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများပြည်သူအတွက် အကျိုးရှိမည့် စီးပွားရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများ နည်းပါးစေရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အားလုံးတစ်ပြေးညီဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ၏ အနှစ်သာရကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့များအားလုံး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ရောက်ရှိစေရေး ၂၀၁၀ ပြည့်နှစ် ပထမဒီမိုကရေစီအစိုးရသက်တမ်းတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ သို့သော် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ပြင်ပမှ သွေးထိုးပေးမှုများကြောင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ခြင်းမရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**ပညာတတ်လူငယ်များဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်မှ နိုင်ငံတာဝန်ယူခဲ့သည့်အချိန်တွင် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်မှုများရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပညာရေးပိုင်းဆိုင်ရာအားနည်းချက်များရှိခြင်း၊ နိုင်ငံအတွင်း ပညာတတ်များ ပေါများကြွယ်ဝပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူများ၏ သွေးထိုးလှုံ့ဆော်ခြင်းများကြောင့် နိုင်ငံတော်၌ ပညာရေးအားနည်းမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း၊ ပညာရည်မြင့်မားရေးနှင့်ပတ်သက်၍ အတန်းပညာရှိမှုသာအတတ်ပညာများ ပိုမိုတတ်မြောက်လာမည်ဖြစ်ပြီး မိမိတို့ဘဝတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏သားသမီးများ ပညာတတ်လူငယ်များဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ကျောင်းသား၊ ကျောင်းသူများ သက်ဆိုင်ရာအတန်းအလိုက် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံအတွင်းပညာတတ်များ ပေါ်ကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုမြင့်မားသည့် ပညာတတ်လူငယ်များ ပိုမိုများပြားလာပါက နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဒီမိုကရေစီ ဒုတိယအစိုးရ NLD အစိုးရသက်တမ်းကာလတွင် တပ်မတော်ကို မုန်းတီးစေသည့် ရေးသားပြောဆိုမှုများ လှုံ့ဆော်မှုများကို တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်၍ လုပ်ဆောင်ခဲ့ကြောင်း၊ အလားတူ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကဏ္ဍအသီးသီးတွင် လုပ်ငန်းတာဝန်ဆောင်ရွက်မှုများအောင်မြင်အောင် ဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် နိုင်ငံတော်မှာ အဘက်ဘက်က ဆုတ်ယုတ်ခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများလုပ်ဆောင်ပြီး ၎င်းတို့ ပါတီအာဏာရရှိရေး ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါ မဲမသမာမှုအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် မိမိတို့အနေဖြင့် အကြိမ်ကြိမ်အသိပေးအကြောင်းကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှု မရှိသည့်အတွက် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို တာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

**နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်**

မိမိတို့အနေဖြင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ စီးပွားရေးတို့တွင် တစ်ပြေးညီ တည်ငြိမ်တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးများကိုလည်း တည်ငြိမ်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏သမိုင်းကြောင်းများကို သိရှိအောင်လေ့လာပြီး မှန်မှန်ကန်ကန်ဖြင့် သုံးသပ်ဆောင်ရွက်၍ နိုင်ငံကောင်းအောင်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် တပ်များဖြစ်အောင် ပီပီပြင်ပြင်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်ပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်မိသားစုများ၏ သက်သာချောင်ချိရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ တပ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါးများနှင့် ဥများကို ပြင်ပသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချနိုင်ခြင်းကြောင့် ဈေးကွက်တည်ငြိမ်မှုကို တတ်နိုင်သမျှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာတိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**မေးမြန်းပြီး အားပေးစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိစစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသူများအား ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။

❖ **မိမိတို့အနေဖြင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ စီးပွားရေးတို့တွင် တစ်ပြေးညီ တည်ငြိမ်တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရမည်**

❖ **အလားတူ အိမ်နီးချင်းနိုင်ငံများ ဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးများကိုလည်း တည်ငြိမ်ကောင်းမွန်အောင်ဆောင်ရွက်သွားရမည်**

❖ **တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများကို သိရှိအောင်လေ့လာပြီး မှန်မှန်ကန်ကန်ဖြင့် သုံးသပ်ဆောင်ရွက်၍ နိုင်ငံကောင်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလို**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားဖြင့် ခရီးသွားပြည်သူများနှင့်အတူ လိုက်ပါစီးနင်းစဉ်။

❖ ရထားလမ်းနယ်များအတွင်း စိမ်းလန်းစိုပြည်သာယာပြီး မျက်စိပသာဒဖြစ်စေသည့် သစ်တောငယ်များကို စိုက်ပျိုးသွားရန်နှင့် မီးရထားဖြင့် သွားလာလျက်ရှိသည့် မီးရထားစီးပြည်သူများစိတ်လက်ချမ်းသာစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေး၊ ပြည်တွင်း ပြည်ပ ခရီးသွားများအား ဆွဲဆောင်မှုရှိစေရေး၊ Public Transportation ဖြစ်သည့် ရထားပို့ဆောင်ရေးအပေါ် ပြည်သူများအားထားမှု ပိုမိုမြင့်တက်လာစေရေး ဆောင်ရွက်

*စာမျက်နှာ ၂၄ မှ*

ဥက္ကဋ္ဌနှင့် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် နေပြည်တော်မှ ထွက်ခွာလာသည့် နေပြည်တော်-ရန်ကုန် အမှတ်(၈) အစုန် DEMU လူစီးအမြန်ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများနှင့်အတူ တောင်ငူဘူတာမှ ရန်ကုန်ဘူတာကြီးအထိ ရထားလမ်းပိုင်းတစ်လျှောက် လိုက်ပါစီးနင်းသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့လိုက်ပါစီးနင်းစဉ် ရထားလမ်းပိုင်းကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရထားတွဲဆိုင်းများအတွင်း ခရီးသွားများ လိုက်ပါစီးနင်းလျက်ရှိမှုအခြေအနေများ၊ ရထားဖြင့်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ ရထားစီးနင်းရာတွင် စိတ်လက်ချမ်းသာစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေး မြန်မာ့မီးရထားမှ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးထားမှုအခြေအနေများနှင့် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်မည့် အခြေအနေများ၊ ရထားလမ်းဘေးဝဲယာရှိ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မြို့ပြနှင့်ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရထားလမ်းများ ကြံ့ခိုင်မှုရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းဘေး ဝဲ/ယာ တစ်လျှောက် သန့်ရှင်းသာယာလှပပြီး ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းဘေးရှိ လယ်ယာမြေများကို စနစ်ကျနသည့် လယ်ယာမြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘူတာယာဒ်ဝင်းနှင့် ဘူတာရုံများ စနစ်တကျဖြစ်စေရေးနှင့် သန့်ရှင်းသာယာမှုများရှိစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းနယ်များအတွင်း စိမ်းလန်းစိုပြည်သာယာပြီး မျက်စိပသာဒဖြစ်စေသည့် သစ်တောငယ်များကို စိုက်ပျိုးသွားရန်လိုကြောင်း၊ မီးရထားဖြင့် သွားလာလျက်ရှိသည့် မီးရထားစီးပြည်သူများ စိတ်လက်ချမ်းသာစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေးနှင့် ပြည်တွင်းပြည်ပခရီးသွားများအား ဆွဲဆောင်မှုရှိစေရေး၊ Public Transportation ဖြစ်သည့် ရထားပို့ဆောင်ရေးအပေါ် ပြည်သူများအားထားမှု ပိုမိုမြင့်တက်လာစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားအား လိုက်ပါစီးနင်းစဉ်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ရထားခရီးစဉ်တွင် အတူစီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် ရန်ကုန်ဘူတာကြီးသို့ရောက်ရှိကြပြီး မီးရထားဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါ DEMU လူစီးအမြန်ရထားတွဲ အသစ်များကို ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်းတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန် ရထားများ စတင်ပြေးဆွဲခဲ့ပြီး ပြေးဆွဲချိန် ၅ နာရီခွဲခန့် ကြာမြင့်ကြောင်း၊ ထိုသို့ DEMU လူစီးအမြန်ရထားတွဲအသစ်များပြေးဆွဲနိုင်ခဲ့သဖြင့် ရထားလမ်းပိုင်းတစ်လျှောက် ခရီးသွားပြည်သူများအနေဖြင့် မိမိတို့သွားလိုရာခရီးသို့ အချိန်တိုအတွင်း စိတ်အေးချမ်းသာစွာ၊ ဈေးနှုန်းသက်သာစွာဖြင့် စီးနင်းသွားလာလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရထားခရီးစဉ်တွင် အတူစီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

## စဉ့်ကိုင်မြို့နယ်တွင် (၁၀) တန်းသွားမျိုးစေ့ချ ကိရိယာစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ

**စဉ့်ကိုင် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်အတွင်း ဒေသခံတောင်သူအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးတို့ကို ရည်ရွယ်၍ စက်မှုလယ်ယာဦးစီးဌာနမှ (၁၀)တန်းသွားမျိုးစေ့ချကိရိယာစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက သင်္ဂတုံကျေးရွာရှိ တောင်သူ ဦးသောင်းစိန် ကွင်းအမှတ်(၇၆)၊ ဦးပိုင်အမှတ် (၃၄) လယ်မြေ သုံးဧက၌ ပြုလုပ်ခဲ့သည်။

စက်မှုလယ်ယာ ဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးရဲကျော်စိုးက မျိုးစေ့ချကိရိယာ စက်ဖြင့် စိုက်ပျိုးခြင်းအတွက် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စက်မှုလယ်ယာ ဦးစီးဌာနမှ ဝန်ထမ်းများက (၁၀) တန်းသွား မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို လက်တွေ့ သရုပ်ပြသခဲ့သည်။

သရုပ်ပြပွဲသို့ စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ကျေးရွာသုံးရွာမှ ဒေသခံတောင်သူ ၃၅ ဦးခန့်တို့က စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(၃၉၉)

သတင်း-စာမျက်နှာ ၂၄





တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း တူးဖော်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

## နောင်ချိုမြို့၌ ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နှင့် အဆိုပါဒေသတစ်ဝိုက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ လိုအပ်သည့်ပြုပြင်၊ ပြင်ဆင်တည်ဆောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြရာ ယနေ့တွင် ပြည်သူ့ဆေးရုံကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ တပ်မတော်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာခရိုင်/ မြို့နယ်များမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြပြီး တာဝန်ရှိသူများက ပြည်သူ့ဆေးရုံဆိုင်းဘုတ်အား အမွှေးနံ့သာရည်များပက်ဖျန်း၍ ဆေးရုံအား ဖွင့်လှစ်ပေးသည်။ ထို့နောက် တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား လိုက်လံကြည့်ရှု၍ ဆေးဝါးကုသထားရှိမှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားသည်။

နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုသရေးဦးစီးဌာန၊ နယ်မြေခံတပ်နယ်/တပ်ရင်းများ၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များ ပူးပေါင်း၍ ပြည်သူ့ဆေးရုံ အရေးပေါ်ဌာနနှင့် လူနာကုသဆောင်များပြုပြင်ခြင်း၊ ရွေ့လျားခွဲစိတ်ခန်း တပ်ဆင်ပေးခြင်း၊ ရွေ့လျားဓာတ်မှန်စက်နှင့် အာထရာဆောင်းစက်များ တပ်ဆင်ပေးခြင်းနှင့် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၂ ရက်နံနက်ပိုင်းမှစ၍ လူနာများအား လက်ခံကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ ပြည်သူ့ဆေးရုံအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်နေသည့် ကာလအတွင်းတွင်လည်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ တပ်မတော်မှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၁၆၉၅ ဦးအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး အသက်ငါးနှစ်အောက်ကလေး ၁၇၅ ဦးအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



နေပြည်တော် ဩဂုတ် ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်၍ ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၄ ကျောင်း၌ ကျောင်းသား ကျောင်းသူ ၃၉၀ ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၉၅၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာ သင်ကြားနိုင်ရေးအတွက် အဆိုပါကျောင်းများ၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင် ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ သင်းရှစ်သင်းဖြင့် ယနေ့ စတင်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

၂၀၂၅-၂၀၂၆ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ကို ဩဂုတ် ၃ ရက် စတင်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၁) အဖြစ် ဩဂုတ် ၃ ရက်တွင် ပဒုမ္မာကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် မြဝတီအသင်း၊ တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ ဩဂုတ် ၄ ရက်တွင် တက္ကသိုလ်ကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် Glory Goal အသင်း၊ ပဒုမ္မာကွင်း၌ YB United အသင်းနှင့် Chinland အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြီးခဲ့သည့်ရာသီတွင် ချန်ပီယံဖြစ်ခဲ့သည့် Chinland အသင်းနှင့် ဒုတိယရခဲ့သည့် တက္ကသိုလ်အသင်းတို့ တန်းတက်ကစားခြင်းမရှိဘဲ ဆက်လက်ကစားမည်ဖြစ်သည်။ ထို့ကြောင့် ပြီးခဲ့သည့်ရာသီတွင် တတိယရခဲ့သည့် ရာမညယူနိုက်တက်အသင်းသာ MNL သို့ တန်းတက်ကစားသဖြင့် MNL မှလည်း မြဝတီတစ်သင်းတည်းသာ တန်းဆင်းလာခြင်းဖြစ်သည်။

အလင်းအိမ်

ဘုံပိုင်ခေါင်းမှ ရေစက်ကျ မနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Suga@Min Yoongi က ပရိသတ်ထံ နှုတ်ဆက်စာရေးသား

နှစ်နှစ်တာခွဲခွာနေရသည့် ပရိသတ်ထံသို့ ဘီတီအက်စ်အဖွဲ့ဝင် ဆူဂါခေါ် မင်ယွန်းဂီက နှုတ်ဆက်စာရေးသားပေးပို့ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စာတွင် ကွဲကွာခဲ့သော နှစ်နှစ်တာ၌ ကိုယ်တိုင် ပြန်လည်သုံးသပ်ပြီး ရှေ့ပြေးခဲ့သော အချိန်များကို ပြန်ကြည့်ရန် အခွင့်အရေးရခဲ့ကြောင်း၊ စိတ်ရှည်စွာ စောင့်ဆိုင်းပေးရန် ကျေးဇူးတင်ကြောင်း အဖွဲ့ဝင်များအတွက လည်း ခံစားစေခဲ့ရ၍ ဝမ်းနည်းကြောင်း၊ အနာဂတ်တွင် ပရိသတ် ပေးသည့် ချစ်ခြင်းမေတ္တာကို ပြန်ဆပ်ရန် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ရေးသားထားသည်။

ဆူဂါက လက်ရှိစိတ်ပညာကို လေ့လာခဲ့ပြီး ဂီတတွင် အသုံးဝင်သည့်အပြင် လိုင်စင်ရစိတ်ပိုင်းဆိုင်ရာ ကုထုံးပညာရှင်ဖြစ်ရန် မျှော်မှန်းထားသည်။ (SKY)



## BTS အဖွဲ့ ပြန်လာ၍ ဟောဘီကုမ္ပဏီက ပြည်တွင်း၊ ပြည်ပဝန်ထမ်းများကို ဆုကြေးပေး

ဟောဘီကုမ္ပဏီ၏ လက်အောက်ခံဘီတီအက်စ်အဖွဲ့ ပြန်လာမှုကြောင့် ပြည်တွင်းပြည်ပဝန်ထမ်းများအားလုံးကို ဆုကြေးအဖြစ် တစ်ဦးလျှင် ဝမ် ၂၀ သန်းစီပေးမည်ဟု ကြေညာထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟောဘီကုမ္ပဏီသည် ဝန်ထမ်း ၃၄ ဦးကို ပထမအကြိမ်၊ ဝန်ထမ်း ၃၂ ဦးကို ဒုတိယအကြိမ် ဆုကြေးပေးခဲ့ပြီး ယခု ၂၀၂၅ ခုနှစ်တွင် ဘီတီအက်စ်အဖွဲ့ပြန်လာပြီး ဆုကြေးပေးခဲ့ခြင်းမှာ ဝန်ထမ်းများ အနာဂတ်တွင် ပိုမိုအားထည့်လုပ်ကိုင်ရန် ဖြစ်သည်။

အဆိုပါ ဆုကြေးပေးခဲ့ခြင်းမှာ ဘီတီအက်စ်အဖွဲ့ကြောင့် ဟောဘီကုမ္ပဏီတည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်ဟူသော အဖြေကို ပရိသတ်များက သတ်မှတ်ပေးထားကြသည်။

(SKY)

## Peter Buffett က ဖခင်ခြေရာမနင်းဘဲ ဂီတလမ်းလျှောက်ခဲ့

ဟောလိဝုဒ်အနုပညာရှင် အဆိုတော် ပီတာဘတ်ဖတ်သည် ချမ်းသာကြွယ်ဝသည့် စာရင်းဝင် ဖခင်၏ ခြေရာကို မနင်းဘဲ ဂီတလမ်းကို လျှောက်ခဲ့သူဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သူဌေးကြီး ဝါရင်ဘတ်ဖတ်၏ အငယ်ဆုံးသားဖြစ်သော ပီတာဘတ်ဖတ်သည် ဖခင်၏ အလုပ်ကို သေချာမသိခဲ့ဘဲ လေးတန်းတက်စဉ် လျှောက်လွှာ၌ လုံခြုံရေးဝန်ထမ်းဟု ရေးသားခဲ့သည်။ အမှန်မှာ စတော့ရှယ်ယာ ဈေးကွက်တွက်ချက်လေ့လာ၍ ရင်းနှီးမြှုပ်နှံသည့်အလုပ်ဖြစ်သည်။



ခပ်သေးသေးအိမ်တွင်နေထိုင်ပြီး တစ်ပတ်ရစ်ကားစီးကာ မနက်စာကို ဝက်ပေါင်ခြောက်၊ ကြက်ဥနှင့် ချိစ်ဘီစကစ်စားကာ သိုသိပ်စွာ နေခဲ့သော သူဌေးကြီးက ပီတာ ၁၉ နှစ်တွင် ဒေါ်လာကိုးသန်းတန် စတော့အမွေပေးခဲ့ရာ (လက်ရှိသန်းသုံးရာတန်)ရောင်းချ၍ ဝါသနာပါသည့် ဂီတလမ်းကြောင်း လျှောက်ခဲ့ပြီး အသက်(၂၅)နှစ်မှ ဖခင်ကို သူဌေးကြီးမှန်း သိခဲ့သည်။

(SKY)

0-0-0-0-0

## Jackson Wang ကို ဖက်ရှင်ပွဲတက် ဝတ်စုံနှင့် တွေ့ရ

တရုတ်အနုပညာရှင် ဂျက်ဆင်ဝေါင်(ခေါ်)ဝမ်ကျားအော်ကို Spring Summer Fashion ပွဲတွင် Louis Vuitton အမျိုးသားနွေဦးနွေရာသီဝတ်စုံနှင့် တွေ့ရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုင်တွင် ဖော်ပြသည်။

ဂျက်ဆင်ဝေါင်ကို ကမ္ဘာလုံးဆိုင်ရာ သံတမန်အဖြစ် ခန့်အပ်ခံထား၍ စိတ်ကြိုက်နွေဦးနွေရာသီဝတ်စုံနှင့် ဖက်ရှင်ရှိုးကို တက်ရောက်လာခဲ့ရာ ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိခဲ့သည်။

အဆိုပါ ပွဲတော်တွင် ဟောင်ကောင်ပြည်ဖွား တရုတ်အနုပညာရှင် ကေပေါ့ပ်ဂေါ့သ်ဆဲဗင်းအဆိုတော် ဂျက်ဆင်ဝေါင်နှင့် ဘီတီအက်စ်အဖွဲ့ဝင်တစ်ကိုယ်တော်ဂီတနှင့် ဘီလ်ဘုတ်ဟော့တစ်ရာစာရင်းဝင် ဂျေဟုတ်တို့ကို ပွဲတွင် အတူမြင်တွေ့ခဲ့ကြသည်။ (SKY)





## အားကစားသမားများနှင့် ပုံမှန်လှုပ်ရှားသူများ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးမှုအန္တရာယ် ပိုမိုနည်းပါး

အမေရိကန်ပြည်ထောင်စု ဟားဗတ် တီအိပ်ချ်ချန်ပြည်သူ့ကျန်းမာရေးကျောင်း၊ ဘော့စတွန်တက္ကသိုလ် ပြည်သူ့ကျန်းမာရေးကျောင်း၊ ဗန်ဒါဘစ်တက္ကသိုလ်ဆေးပညာစင်တာ၊ မြို့တော်ဆေးဘက်ဆိုင်ရာတက္ကသိုလ်နှင့် အခြားအဖွဲ့အစည်းများမှ သုတေသီအဖွဲ့တစ်ဖွဲ့ပူးပေါင်းကာ မကြာသေးမီက သုတေသနပြုလုပ်ခဲ့သည်။

၎င်းတို့သည် ၁၉၉၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အမျိုးသားကျန်းမာရေးစစ်တမ်းတွင် ပါဝင်ခဲ့သည့် ဆီးချိုရောဂါရှိကြောင်း သတင်းပို့ခဲ့သော အရွယ်ရောက်ပြီးသူ ၅၁၆၅၀ ဦးထံမှ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့လေ့လာရာမှ ကိုယ်လက်လှုပ်ရှားမှုမရှိသူများနှင့် နှိုင်းယှဉ်လျှင် လုံလောက်စွာ မလှုပ်ရှားသူများ၊ စနေ၊ တနင်္ဂနွေ ရက်သတ္တပတ် အားကစားသမားများနှင့် ပုံမှန်လှုပ်ရှားသူများသည် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးမှုနှင့် နှလုံးသွေးကြောဆိုင်ရာ သေဆုံးမှုအန္တရာယ် ပိုမိုနည်းပါးကြောင်း အဆိုပါ သုတေသီများ ဖော်ထုတ်တွေ့ခဲ့သည်။

SCI



## BTS အဖွဲ့ဝင်များ စုံညီစွာ ပြန်လည်ဆုံတွေ့ခဲ့

ပရိသတ်စောင့်မျှော်နေသည့် ဘီတီအက်စ်အဖွဲ့ဝင်များ စုံညီစွာ ပြန်လည်တွေ့ဆုံခဲ့ကြပြီး ၂၀၂၅ ခုနှစ်တွင် အနားယူကာ ၂၀၂၆ ခုနှစ် မတ်လတွင် ဂီတပွဲ ပြန်လည်ကျင်းပမည်ဟု ဟောဘီကုမ္ပဏီက ကြေညာထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်၊ ဂျေဟုပ်ဆွတ်၊ ဗွီ(ခေါ်)ကင်ထယ်ယောင်း၊ အာရ်အမ်(ခေါ်)ကင်နမ်ဂျွန်၊ ဂျောင်ကု(ခေါ်)ဂျွန်ဂျောင်ကု၊ ဂျီမင်(ခေါ်)ပတ်ဂျီမင်နှင့် ဆူဂါ(ခေါ်)မင်ယွန်းဂီတို့ ခုနစ်ဦး ဘီတီအက်စ်အတွက် ပြန်လည်ဆုံတွေ့ခဲ့ကြသည်။

အဖွဲ့ဝင်များအသီးသီး ကိုယ်တိုင်သုံးသပ်ရန် အချိန်နှစ်နှစ်ကြာခဲ့ကြပြီး စောင့်မျှော်နေသည့် ပရိသတ်ကို အနာဂတ်တွင် ပေးခဲ့သည့် ချစ်ခြင်းမေတ္တာများအတွက် ပြန်ပေးဆပ်သွားရန် ပိုမိုကြိုးစား၍ စီမံကိန်းသစ်အတွက် လမ်းခင်းပြင်ဆင်နေကြပြီဖြစ်သည်ဟု မင်ယွန်းဂီက ပြောကြားထားသည်။

(SKY)



## Nice View ရုပ်ရှင် ထိပ်ဆုံးစာရင်း ၁၀ ကားစာရင်းဝင်ခဲ့

ပြည်တွင်းရုံတင်ငွေ ထိပ်ဆုံး ၁၀ ကားစာရင်းဝင်ဖြစ်ခဲ့သည့် ၂၀၂၂ ခုနှစ် ထွက်ရှိထားသော Nice View မှာ IMDb 8.3 အထိ ရရှိထားကြောင်း ရှီတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် အထက်တန်းကျောင်းသားဘဝကတည်းက မိတဆိုးဖြစ်ခဲ့ရပြီး ဖခင်ကပါ ပစ်ပယ်ထား၍ ကျောင်းထွက်ကာ ဖုန်းပြုပြင်ရေးဆိုင်ဖွင့်ပြီး ရောဂါသည်ညီမနှင့် အတူ ရုန်းကန်နေရသူအကြောင်း ဖြစ်သည်။

ဖုန်းပြုပြင်ပညာနှင့် အခက်အခဲများ ရင်ဆိုင်ကျော်ဖြတ်ရင်း လိုအပ်သော ခွဲစိတ်စရိတ်အတွက် ရှာဖွေရပုံများတွင် လောကဓံအနိမ့်အမြင့်၊ အတက်အကျနှင့် ရင်ဆိုင်ကျော်ဖြတ်ခဲ့ရပုံကို ရိုက်ကူးတင်ပြထားသည့် ၅၂၈ မေတ္တာ မောင်နှမအချစ်ဇာတ်လမ်း ဖြစ်သည်။

လှပစွာ ပုံဖော်ရိုက်ကူးထားပြီး သမားရိုးကျဇာတ်ကားများနှင့် ကွဲထွက်ကာ ရိုးရိုးလေးတင်ပြထားပုံက ဆွဲဆောင်မှုတစ်ခုဖြစ်ခဲ့သည်။ (SKY)

## အီသီယိုးပီးယားနိုင်ငံက တစ်ရက်အတွင်း သစ်ပင်ပျိုးပင်ပေါင်း ၇၁၄ ဒသမ ၇ သန်း စံချိန်တင်စိုက်ပျိုး



**အဒစ်အာဘာဘာ ဩဂုတ် ၂**

အီသီယိုးပီးယား နိုင်ငံတစ်ဝန်း ဇူလိုင် ၃၁ ရက်က တစ်ရက်အတွင်း သစ်ပင်ပျိုးပင်ပေါင်း ၇၁၄ ဒသမ ၇ သန်း စံချိန်တင် စိုက်ပျိုးနိုင်ခဲ့ကြောင်း အီသီယိုးပီးယားစိုက်ပျိုးမွေးမြူရေးဝန်ကြီး ဂါမာအာမန်တေက ပြောသည်။

တစ်ရက်အတွင်း ပျိုးပင်ပေါင်း သန်း ၇၀၀ ကျော် စိုက်ပျိုးပြီးစီးခြင်းမှာ အီသီယိုးပီးယား၏ အစိမ်းရောင် အမွေအနှစ်အစပျိုးမှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဂါမာအာမန်တေက ပြောသည်။ အဆိုပါ နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးရေး လှုပ်ရှားမှုတွင် အီသီယိုးပီးယားနိုင်ငံအတွင်းရှိ အလွှာပေါင်းစုံမှ ပြည်သူများနှင့် နိုင်ငံခြားသားများ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

"စိုက်ပျိုးခြင်းဖြင့် အသစ်တစ်ဖန်ပြန်လည်စတင်ခြင်း" ဆိုသည့် ခေါင်းစဉ်အောက်မှ အဆိုပါ လှုပ်ရှားမှုသည် ဖွန်လမှ စက်တင်ဘာလအထိ မိုးရာသီကာလအတွင်း သစ်ပင်ပေါင်း ၇ ဒသမ ၅ ဘီလီယံအထိ အုံအားသင့်ဖွယ် စိုက်ပျိုးရန်ရည်ရွယ်ထားသည့် အီသီယိုးပီးယားနိုင်ငံ၏ နှစ်စဉ်စီမံကိန်း တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဒဏ်ကို ခံစားနေရသည့် အီသီယိုးပီးယားနိုင်ငံသည် သဘာဝပတ်ဝန်းကျင် ပြန်လည်ထိန်းသိမ်းရေး ကြိုးပမ်းအားထုတ်မှုများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့သော အီသီယိုးပီးယား အစိမ်းရောင် အမွေအနှစ်အစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၊ ပြည်တွင်းနှင့် ဒေသတစ်ဝန်း စားရေရိက္ခာဖူလုံရေး စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## ပေါ်တူဂီ၌ အပူလှိုင်းကြောင့် တစ်ပတ်အတွင်း သေဆုံးသူ ၂၆၄ ဦးရှိ



**လစ္စဘွန်း ဩဂုတ် ၂**

ပေါ်တူဂီ၌ လွန်ခဲ့သည့် တစ်ပတ်ခန့်မှစတင်ကာ အပူဒဏ်သတိပေးချက် ထုတ်ပြန်ခဲ့ပြီး ယင်းကာလအတွင်း သေဆုံးသူ ၂၆၄ ဦးရှိသည်ဟု သိရသည်။

ယခင်ခန့်မှန်းထားသည့်အရေအတွက်ထက် ၂၁ ဒသမ ၂ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်။ သေဆုံးသူအများစုမှာ အသက် ၇၅ နှစ်နှင့်အထက် ဖြစ်သည်ဟု ကျန်းမာရေးဌာန၏ ဩဂုတ် ၁ ရက် ထုတ်ပြန်ချက်အရ သိရသည်။

လာမည့်သီတင်းပတ်အတွင်း ပေါ်တူဂီ၌ အပူချိန်သိသိသာသာ တိုးလာမည်ဟု ခန့်မှန်းထားပြီး အထူးသဖြင့် သီတင်းပတ်ကုန်ရက်တွင် ဒေသအများအပြား၌ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်သို့ ရောက်ရှိနိုင်သည် သို့မဟုတ် ကျော်လွန်သွားနိုင်သည်ဟု ပင်လယ်နှင့် လေထုဆိုင်ရာ ပေါ်တူဂီအင်စတီကျုက ခန့်မှန်းထားသည်။

ဆင်ဟွာ

## ၁၈၉၈ ခုနှစ်ကတည်းက စတင်သော မှတ်တမ်းများအရ ဂျပန်နိုင်ငံတွင် ဇူလိုင်လသည် အပူပြင်းဆုံးလဖြစ်ခဲ့

**တိုကျို ဩဂုတ် ၂**

ဂျပန်နိုင်ငံတွင် ၁၈၉၈ ခုနှစ်ကတည်းက စတင်ခဲ့သော မှတ်တမ်းများအရ ယခုနှစ် ဇူလိုင်လသည် အပူပြင်းဆုံးလဖြစ်ခဲ့ပြီး လာမည့်လများတွင်လည်း "ပြင်းထန်သောအပူရှိန်" များ ဆက်ရှိနေနိုင်သည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက သတိပေးပြောကြားခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

လူတို့ကြောင့် ဖြစ်ပွားသော ရာသီဥတုပြောင်းလဲမှုများမှတစ်ဆင့် ကမ္ဘာတစ်ဝန်းတွင် အပူလှိုင်းများ ပိုမိုပြင်းထန်လာပြီး မကြာခဏဖြစ်ပွားလာရာ ဂျပန်နိုင်ငံသည်လည်း အလားတူပင်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျပန်မိုးလေဝသအေဂျင်စီ၏ ဩဂုတ် ၁ ရက် ထုတ်ပြန်ချက်အရ ဇူလိုင်လ၏ ပျမ်းမျှအပူချိန်သည် ၁၉၉၁-၂၀၂၀ ပျမ်းမျှအပူချိန်ထက် ၂ ဒသမ ၈၉ ဒီဂရီစင်တီဂရိတ် စံချိန်တင်မြင့်တက်ခဲ့သည်။

ယခုနှစ်သည် ဇူလိုင်လအတွက် ပျမ်းမျှအပူချိန် စံချိန်တင်မြင့်တက်ခဲ့သည့် သုံးနှစ်ဆက်တိုက်မြောက်နှစ်ဖြစ်ကြောင်း သိရသည်။

Mon

## သီရိလင်္ကာနိုင်ငံ အကောက်ခွန်ဌာနက ခုနစ်လအတွင်း ကန်ဒေါ်လာ လေးဘီလီယံခန့်ရရှိ

**ကိုလံဘို ဩဂုတ် ၂**

သီရိလင်္ကာနိုင်ငံ၏ အကောက်ခွန်ဌာနသည် ယခုနှစ်ပထမခုနစ်လအတွင်း အခွန်ငွေ ရူပီး ၁ ဒသမ ၂ ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၄ ဘီလီယံခန့်) ရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂ ရက်တွင် ပြောသည်။

သီရိလင်္ကာအကောက်ခွန်ဌာန ပြောရေးဆိုခွင့်ရှိသူ ဆီဗလီအရန်ဂိုဒါ၏ ပြောကြားချက်အရ အကောက်ခွန်ဌာနသည် ဇူလိုင်လတွင် အမြင့်ဆုံးလစဉ်အခွန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ခန့်ရရှိခဲ့ကြောင်း၊ ယာဉ်အမျိုးမျိုး တင်သွင်းမှုအပေါ် အခွန်ကောက်ခံခြင်းမှ အဓိကရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆီဗလီအရန်ဂိုဒါက အကောက်ခွန်ဌာနသည် ယာဉ်အစီးရေ ၂၈၀၀၀ ကျော် တင်သွင်းမှုအပေါ် အခွန်ကောက်ခံခြင်းမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံဝန်းကျင်ရရှိခဲ့ကြောင်း ပြောသည်။ သီရိလင်္ကာအစိုးရသည် ယခုနှစ်တွင် အကောက်ခွန်ဌာနမှ အခွန်ငွေ ရူပီး ၂ ဒသမ ၁၁၅ ထရီလီယံ ရရှိရန် ရည်မှန်းထားသည်။

ဆင်ဟွာ

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## လေကြောင်းပျံသန်းမှုနှင့် စွန်လွှတ်ကစားနည်းတို့အကြား အင်ဒိုနီးရှားနိုင်ငံတွင် အားပြိုင်မှုများ ဖြစ်ပေါ်နေ



**ဂျကာတာ ဩဂုတ် ၂**

အင်ဒိုနီးရှားနိုင်ငံတွင် အလွန်ရေပန်းစားသည့် လေကြောင်းပျံသန်းမှုလုပ်ငန်းနှင့် ထိုနိုင်ငံ၏ အနှစ်သက်ဆုံးအပန်းဖြေမှုတစ်ခုဖြစ်သော ရိုးရာစွန်လွှတ်ကစားနည်းတို့အကြားတွင် အားပြိုင်မှုများဖြစ်ပေါ်နေကြောင်း သိရသည်။

အင်ဒိုနီးရှား၌ အထူးသဖြင့် ကျောင်းသားများ နွေရာသီကျောင်းပိတ်ရက် ရောက်ရှိချိန်တွင် စွန်လွှတ်ခြင်းသည် အလွန်ရေပန်းစားသော အပန်းဖြေမှုတစ်ခုဖြစ်သည်။

သို့သော် လေဆိပ်အာဏာပိုင်များက စွန်များသည် လေယာဉ်အာရုံခံကိရိယာများကို ပိတ်ဆို့ခြင်း သို့မဟုတ် အင်ဂျင်များထဲသို့ ဝင်ရောက်ခြင်းများ ဖြစ်ပေါ်ပါက ဘေးအန္တရာယ်ဖြစ်စေနိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ထားရသည်။

လွန်ခဲ့သော ဇူလိုင်လအစောပိုင်း သုံးရက်တာကာလအတွင်း ဆန်စပါးစိုက်ခင်းများအနီးရှိ ဆူကာနို-ဟာတာ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စွန်များကြောင့် လေယာဉ် ၂၁ စီး ပျံသန်းမှု ပြတ်တောက်ခဲ့သည်။

အချို့လေယာဉ်များမှာ အခြားလေဆိပ်သို့ လမ်းကြောင်းပြောင်းခဲ့ရပြီး အချို့မှာ စွန်များအနီးသို့ သွားလာရန် အန္တရာယ်များလွန်းသည်ဟု ယူဆကာ ဆင်းသက်မည့်အစီအစဉ်ကိုပင် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

Mon

STOP
AIDS

## ဗီယက်နမ် မြောက်ပိုင်းတောင်တန်းဒေသ ရေကြီးမှုများ၌ အနည်းဆုံး လူသုံးဦး သေဆုံးပြီး ကိုးဦး ပျောက်ဆုံးနေ

**ဟနွိုင်း ဩဂုတ် ၂**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတောင်တန်းဒေသတွင် ဩဂုတ် ၁ ရက်က ရုတ်တရက် ရေကြီးမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူသုံးဦး သေဆုံးပြီး ကိုးဦး ပျောက်ဆုံးနေသည်ဟု သဘာဝဘေးအာဏာပိုင်များက အတည်ပြုကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



မိုးရေချိန်အမြင့်ဆုံး ၃၀ စင်တီမီတာအထိ ရွာသွန်းခဲ့သည့် မိုးသည်းထန်မှုကြောင့် ဆွန်လာ၊ ဖူသို၊ တူြအန်ကွမ်းနှင့် အထူးသဖြင့် ဒီယန်ဘီယန်ပြည်နယ် များတွင် ရေကြီးမှုများဖြစ်ပွားခဲ့ပြီး လူ့အဖွဲ့အစည်းအချို့ သီးခြားစီဖြစ်နေခဲ့သည်။

ဒီယန်ဘီယန်ပြည်နယ် တီယာဒင်းနှင့် ဇာဒုန်မြို့နယ်များတွင် လူသုံးဦးသေဆုံးခဲ့ပြီး ပျောက်ဆုံးနေသူ ကိုးဦးကို ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဒေသစံတော်ချိန် နံနက် ၃ နာရီမှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မြစ်ဖျားခံရေကြီးမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

## လျှော်ဘေးအန္တရာယ်နှင့် ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

**မိုးညှင်း ဩဂုတ် ၂**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့တွင် လျှော်ဘေးအန္တရာယ်နှင့် ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူ သရုပ် ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ခရိုင်မီးသတ်ဦးစီးမှူးရုံး အရှေ့၌ ပြုလုပ်သည်။

ရှေးဦးစွာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ လျှော်ကြောင့် အဆောက်အအုံ အတွင်းနှင့် အထပ်မြင့်တိုက်များတွင် ပိတ်မိနေသည့် လူနာများအား ရှာဖွေကယ်ထုတ်နိုင်ရေးလုပ်ငန်းများ နှင့် လူနာတင်ယာဉ်ဖြင့် သယ်ဆောင်ခြင်းလုပ်ငန်းများဖြစ်သည့် သဏ္ဍာန်တူ သရုပ်ပြသခြင်းများကို ဆောင်ရွက်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်း အမျိုးအစား ၄၀ ကျော်ကို မီးသတ်ခရိုင်ဦးစီးမှူးက ရှင်းလင်းပြသရာ အခမ်းအနား တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမိုးညှင်း




## မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော



**မိတ္ထီလာ ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် အခြေခံပညာဦးစီးဌာန ခရိုင်ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး အသင်းခွဲ မိတ္ထီလာခရိုင်တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/ AIDS ရောဂါကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်စုက အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးသမိုင်းကြောင်းကို အသင်းခွဲအမှုဆောင် ဦးကျော်စိုးက ဟောပြောပေးကာ အသင်းခွဲဥက္ကဋ္ဌ ဦးထွန်းရီက မူးယစ်ဆေးဝါးဆိုးကျိုးနှင့် HIV/ AIDS ရောဂါ အကြောင်း အသိပညာပေးဟော ပြောခဲ့သည်။ ဟောပြောပွဲသို့ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၇၀)

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ။

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၌ တရားမဝင် အခြား သစ် ၀ ဒသမ ၈၇၅ တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၃၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်၊ ရတနာပုံတံတား (နှာပေါက်) စစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၁၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၃၁ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဩဂုတ် ၁ ရက်တွင် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၉၆၄ တန်၊ သစ်မာ ၆ ဒသမ ၀၅၃ တန်၊ အခြားသစ် ၁၄ ဒသမ ၄၃၀ တန်၊ မီးသွေး ၃ ဒသမ ၂၀၀ တန်ကို သစ်တောဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ရှစ်လုံးထိုး အင်ဂျင်နှစ်လုံး အပါအဝင် ဆက်စပ်ပစ္စည်း ၃၄ မျိုးကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ရွှေဘိုမြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများနှင့် ဖြတ်စရေရာ ရှစ်မျိုးကို မြန်မာ့ကျောက်မျက်ရတနာဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၃၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ကိုးစီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ် ၂၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*-*





## စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၉ ရက် ည ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ် စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်နေ ----- (၃၀)နှစ် မောင်းနှင်သည့် YGN-39/2E ---- LANDCRUISER PRADO ခဲ/ဖြူရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ---- အား စစ်ကိုင်းမြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*-*

# နိုင်ငံတကာ အားကစား သတင်းများ

## ရော်ဘင်ရိုအက်ဖ်အား ဆန်းဒါးလန်းအသင်း ခေါ်ယူ



**လန်ဒန် ဩဂုတ် ၂**

ဆန်းဒါးလန်းအသင်းသည် NECအသင်း ဂိုးသမား ရော်ဘင်ရိုအက်ဖ်အား ပြောင်းရွှေ့ကြေး ၁၀သန်း ဝန်းကျင်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဂိုးသမားသည် ဆန်းဒါးလန်းအသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ဂိုးသမား ရော်ဘင်ရိုအက်ဖ်သည် NEC အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၃ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူခဲ့သည်။

ပရီးမီးယားလိဂ်တန်းတက်ကလပ် ဆန်းဒါးလန်းအသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား (၈)ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး စတာလင်ပေါင် သန်း (၁၅၀) ဝန်းကျင်အထိ အသုံးပြုထားသည်။

(အပေါ်ပုံ) (NGB)

## 2025 T-Mobile Polish Open ဗိုလ်လုပွဲအဆင့်သို့ Viktorija Golubic တက်ရောက်

**လန်ဒန် ဩဂုတ် ၂**

ပိုလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဆွစ်ဇာလန်တင်းနစ်မယ် Viktorija Golubic တက်ရောက်ခဲ့သည်။

အဆိုပါ ဆွစ်ဇာလန်တင်းနစ်မယ် Viktorija Golubic သည် 2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် Dominika Salkova အား ၇-၅၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် Viktorija Golubic နှင့် ချက်တင်းနစ်မယ် Katerina Siniakova တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(အောက်ပုံ) (NGB)



## မီလန်စကီရီနီယာ ဖီနာဘာချီအသင်းတွင် ကျောနံပါတ် (၃၇) ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၂**




နောက်ခံကစားသမား မီလန်စကီရီနီယာ ဖီနာဘာချီအသင်းတွင် ကျောနံပါတ် (၃၇) ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ပီအက်စ်ဂျီအသင်းမှ ဖီနာဘာချီအသင်းသို့ ၂၀၂၈ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား မီလန်စကီရီနီယာသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇ပွဲ ကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား မီလန်စကီရီနီယာအနေဖြင့် ဖီနာဘာချီအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အိုပန်ဒါအား ခေါ်ယူရန် အက်စတွန်ဗီလာအသင်း ဆွေးနွေး

**လန်ဒန် ဩဂုတ် ၂**

အက်စတွန်ဗီလာအသင်းသည် လိုက်ပဇစ်အသင်း တိုက်စစ်မှူး အိုပန်ဒါအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လိုက်ပဇစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၉ပွဲကစားပြီး ၄၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်း ဖြစ်သည်။

လိုက်ပဇစ်အသင်းကလည်း အိုပန်ဒါအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ် ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လိုက်ပဇစ်အသင်းထံမှ အိုပန်ဒါအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ (အောက်ပုံ) (NGB)






## မာ့ခ်ကာဆာဒိုအား ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် ဩဂုတ် ၂**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား မာ့ခ်ကာဆာဒိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၆ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား မာ့ခ်ကာဆာဒို ကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းထံမှ မာ့ခ်ကာဆာဒိုအား ခေါ်ယူသွားနိုင်မည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## စပါးအသင်းမှ ထွက်ခွာမည်ဟု ဆွန်ဟောင်မင်အတည်ပြု

**လန်ဒန် ဩဂုတ် ၂**

တိုက်စစ်မှူး ဆွန်ဟောင်မင်က မိမိအနေဖြင့် စပါးအသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် စပါးအသင်းနှင့်အတူ ဆိုးလ်မြို့သို့ ရာသီကြိုခြေစမ်းခရီးစဉ် ရောက်ရှိနေစဉ် ထုတ်ဖော်ပြောကြားလာခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဆွန်ဟောင်မင်သည် စပါးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၅၄ ပွဲ ကစားပြီး ၁၇၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဆွန်ဟောင်မင်က "ကျွန်တော် စပါးအသင်းကနေ လက်ရှိဈေးကွက်အတွင်း ထွက်ခွာဖို့ ဆုံးဖြတ်လိုက်ပါပြီ။ စပါးအသင်းမှာ ကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော်အနေနဲ့ ဘယ်အသင်းကို ပြောင်းရွှေ့မယ်ဆိုတာတော့ မဆုံးဖြတ်ရသေးပါဘူး"ဟု ပြောသည်။

(အောက်ပုံ) (NGB)







## ဒိုင်ဘာလိန်းအား အသင်းတွင် ဆက်ရှိသွားမည်ဟု ဆောက်သမ်တန်အသင်း အတည်ပြု

**လန်ဒန် ဩဂုတ် ၂**

တောင်ပံကစားသမား ဒိုင်ဘာလိန်းအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဆောက်သမ်တန်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။ (ဝဲပုံ)

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် အဲဗာတန်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဆောက်သမ်တန်အသင်းက ပယ်ချခဲ့သည်။

တောင်ပံကစားသမား ဒိုင်ဘာလိန်းသည် ဆောက်သမ်တန်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၈ပွဲ ကစားပြီး လေးဂိုး သွင်းယူထားသည်။

ဆောက်သမ်တန်အသင်း ထုတ်ပြန်ချက်တွင် "ဒိုင်ဘာလိန်း အသင်းတွင် ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ အနာဂတ်မှာလည်း ထွန်းတောက်လာဦးမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(NGB)

## မာမာဒူဆားအား အငှားစာချုပ်ဖြင့် စထရာဘိုးအသင်း ခေါ်ယူ

**ပါရီ ဩဂုတ် ၂**

ပြင်သစ်လီဂူးကလပ် စထရာဘိုး အသင်းသည် ချဲလ်ဆီးအသင်း နောက်ခံကစားသမား မာဆာဒူဆားအား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ခဲ့သည်။



အသက်(၁၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အသင်းအားများစွာ ပံ့ပိုးကူညီပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် စထရာဘိုးအသင်းက အငှားဖြင့် ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

စထရာဘိုးအသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၁၂ ဦးအထိ ခေါ်ယူအားဖြည့်ထားသည်။

စထရာဘိုးအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၇ရက်တွင် မက်ဇ်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(ဝဲပုံ)
(NGB)

၀-၀-၀-၀-၀

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၃-၈-၂၀၂၅ တနင်္ဂနွေနေ့ | ညနေ ၅း၃၀ နာရီ | နယူးကာဆယ်(အင်္ဂလန်) - စပါး(အင်္ဂလန်) |
| ။ | ညနေ ၆း၃၀ နာရီ | အေဂျက်စ်(နယ်သာလန်) - မိုနာကို(ပြင်သစ်) |
| ။ | ည ၈း၃၀ နာရီ | လက်စတာ(အင်္ဂလန်) - ဖီအိုရင်တီးနား(အီတလီ) |
| ။ | ည ၁၁း၃၀ နာရီ | နာပိုလီ(အီတလီ) - ဘရက်(ပြင်သစ်) |
| ၄-၈-၂၀၂၅ တနင်္လာနေ့ | နံနက် ၀၀း၃၀ နာရီ | ပေါ်တို(ပေါ်တူဂီ) - အက်သလက်တီကို(စပိန်) |
| ။ | ။ | ဂျီရိုနာ(စပိန်) - ဝုဖ်(အင်္ဂလန်) |

# မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြင်ဆင်မွမ်းမံဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု

**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြင်ဆင်မွမ်းမံဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်စေတီတော်သို့ သွားရောက်ပြီး ကုသိုလ်တော်မြတ်စွာဘုရားအား ဖူးမြော်၍ ငလျင်ဒဏ်ကြောင့် ဘုရား၊ စေတီ၊ ပုထိုးတော်များနှင့် သာသနိကအဆောက်အအုံများ၏ထိခိုက်ပျက်စီးခဲ့မှုတို့အပေါ် မူလလက်ရာအတိုင်းပြန်လည်ပြင်ဆင်မွမ်းမံထားမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ မဟာမေ့မုနိရုပ်သီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်တော်မူအပ်သော ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (မန္တလေး)သို့ ရောက်ရှိပြီး ဖူးမြော်ကြည်ညို၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် ပြန်လည်ပြင်ဆင်မွမ်းမံဆောင်ရွက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



ငှင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ငယ်-ထုံးဘို တိုးဂိတ်သို့ရောက်ရှိပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်ကြောရှုပ်ထွေးမှုများမဖြစ်ပေါ်စေရေး၊ ယာဉ်စစ်ဆေးခြင်းများ စနစ်တကျဖြစ်စေရေး၊ အမြင့်တင်တယ်သန့်ရှင်းသာယာလှပရေး၊ လမ်းမကြီးပေါ်တွင် ရေဝပ်ရေတင်ခြင်းများ မရှိစေရန် ရေနုတ်မြောင်းစနစ်များကောင်းမွန်စေရေးတို့အတွက် လုပ်ငန်းများဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ














# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမီးလောင်ခဲ့သည့် မန္တလေးတက္ကသိုလ် ပင်မဆောင်အဆောက်အအုံနှင့် ထိခိုက်ပျက်စီးခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံတို့အား ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ မန္တလေးငလျင်ကြီးကြောင့် ငလျင်ဒဏ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သော မန္တလေးတက္ကသိုလ် ပင်မဆောင်အဆောက်အအုံနှင့် ထိခိုက်ပျက်စီးခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံတို့ကို ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ငလျင်ဒဏ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သော ပင်မဆောင်အဆောက်အအုံနှင့် ထိခိုက်ပျက်စီးခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံတို့အား ပြန်လည်ပြုပြင်တည်ဆောက်နေမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများမှ လိုက်လံ ရှင်းလင်းပြသမှုများအပေါ် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀






















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အလုပ်သမားဆေးရုံကြီး(မန္တလေး)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှု






**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး(မန္တလေး)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုသို့ ကြည့်ရှုစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလုပ်သမားဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများအား ဆေးရုံဥပမိရုပ်ကောင်းမွန်စေရေး၊ ဆေးရုံဝင်းအတွင်း၊ အပြင် အစဉ်အမြဲသန့်ရှင်းသပ်ရပ်ရေး၊ စက်ရုံ၊ အလုပ်ရုံများနှင့် အစိုးရဝန်ထမ်းများ အားကိုးအားထားပြုနေရသည့် ဆေးရုံဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ စစ်ဆေးကုသမှုများပေးရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် စိတ်ချမ်းမြေ့စေရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## တစ်ရက်တည်းသာကျင်းပသည့် အိုးပုတ်ပွဲတွင် ယခင်နှစ်ထက် အိုးပုတ်ဈေးများ နှစ်ဆခန့်မြင့်တက်သော်လည်း ဝယ်ယူသူ များပြား



**မန္တလေး ဩဂုတ် ၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊အိုးဘို(ရွှေကျင်)ရက်တွင် နှစ်စဉ် ဝါခေါင်လဆန်း ၈ ရက် တစ်ရက်တည်းသာကျင်းပသည့် အိုးပုတ်ပွဲတော်မှာ စည်ကားများပြားခဲ့ပြီး အိုးပုတ်များ ထုတ်လုပ်နိုင်မှုနည်းပါးခြင်းကြောင့် ယခင်နှစ်ထက် နှစ်ဆခန့် ဈေးမြင့်သော်လည်း ဝယ်ယူသူ များပြားကြောင်း အိုးပုတ်ရောင်းချသူ ဒေါ်ရီရီက ပြောသည်။

အိုးပုတ်ပွဲတွင် ရောင်းချသည့် အိုးပုတ်များမှာ စစ်ကိုင်း၊ တံတားဦးနှင့် ကျောက်မြောင်း(ရွှေဘို) ဒေသများမှ ထွက်ရှိပြီး မိုးရွာသွန်းမှုကြောင့် အိုးပုတ်ထုတ်လုပ်မှုလျော့နည်းခြင်းကြောင့် ယခုကဲ့သို့ ဈေးမြင့်လာသည်ဟု ဆိုသည်။

"မနှစ်ကဆိုရင် ကားကြီးတွေနဲ့ ပွဲမတိုင်မီကတည်းက အိုးပုတ်တွေ ရောက်လာပေမယ့် ဒီနှစ်မှာ နည်းတယ်။ အထွက်နည်းလို့ အဝင်နည်းတော့ ဈေးလည်း နှစ်ဆလောက်တက်သွားတယ်။အိုးပုတ်တစ်ခုတည်းမဟုတ်ဘဲ ညောင်ရေအိုး၊ စလယ်ဝင်အိုး၊ မြေအိုးစတဲ့ မြေနဲ့လုပ်တဲ့ ပစ္စည်းတွေကို ဒီပွဲမှာ တကူးတက လာဝယ်ကြတော့ ရောင်းကောင်းပါတယ်။ ပွဲတော်ကလည်း ထင်တာထက် ပိုစည်ကားတယ်"ဟု ၎င်းက ပြောသည်။

ယခင်နှစ်က ကလေးများ နှစ်သက်သည့် အိုးပုတ်များမှာ ရှစ်ခုလျှင် ငွေကျပ် ၁၀၀၀ မှ ယခုနှစ်တွင် လေးခုလျှင် ငွေ ကျပ် ၁၀၀၀၊ ကျောက်ခတ်ပန်း များမှာ ယခင်နှစ်က တစ်ကုံး လျှင် ငွေကျပ် ၁၀၀၀ မှ ယခု ငွေကျပ် ၁၅၀၀ ရောင်းချသော် လည်း ဝယ်သူများပြားကြောင်း၊ မြေနှင့်ပြုလုပ်သည့် အခြား မြေထည်ပစ္စည်းများနှင့် ဝါးနှင့်ပြုလုပ်သည့် ပစ္စည်းများလည်းဝယ်သူများပြားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

## နည်းပညာပေးသင်တန်းနှင့် ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲ ပြုလုပ်

**ကသာ ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်တွင် တောင်သူများ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျသုံးစွဲနည်း၊ နှမ်းသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းနှင့် အကျိုးဆောင်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ယမန်နေ့ နံနက် ၁၀ နာရီက ပြုလုပ်သည်။

ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်လှိုင်မြင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးနိုင်ဝင်းတို့က အမှာစကားအသီးသီးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကိုလေးက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် သင်တန်းတက်ရောက်လာကြသော အကျိုးဆောင်တောင်သူများအား ခရိုင်၊ မြို့နယ်အဆင့် စိုက်၊ ကြပ်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယူရီးယားဓာတ်မြေဩဇာ အိတ်လုံးရေ ၅၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၁၂၉)

## သွယ်အောင်

၁၉၉၇ မေလထုတ်ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းတွင် (သွယ်အောင်)ကလောင်ဖြင့် ကဗျာပါသည်။ (စွာစော်ကဲ)ကလောင်ဖြင့် ကာတွန်းပါရှိသည်။ ထိုသို့ ကဗျာကလောင်၊ ကာတွန်းကလောင် သီးခြားခွဲထားသော်လည်း ကျွန်တော့်ဘဝဖြတ်သန်းမှု မှတ်တမ်းတစ်ခုအနေဖြင့် ကဗျာကလောင် (သွယ်အောင်)ဖြင့် ကာတွန်းပုံတစ်ပုံကို 'ရတနာပုံနေ့စဉ်'သတင်းစာတွင် ရေးဆွဲဖြစ်မိသည်။

ရေးဆွဲဖြစ်သည့်အကြောင်းအရာမှာ ကျူရှင်သင်တန်းနှင့်ပတ်သက်သည့် ကာတွန်းဖြစ်ပြီး ထိုစဉ်က မြဝတီရုပ်မြင်သံကြားမှ 'မြဝတီအငြိမ့်' ပြိုင်ပွဲများ ထုတ်လွှင့်ပြသနေချိန်လည်း ဖြစ်သည်။ အငြိမ့်ပြိုင်ပွဲတွင် လူရွှင်တော်များက ရယ်စရာပြက်လုံးများဖြင့် ကပြဖျော်ဖြေကြသည်ကို ကျူရှင်ဆရာများကလည်း ကျောင်းသား၊ ကျောင်းသူများအား ရယ်စရာများဖြင့် စာသင်ကြားရသည်ကို ရေးဆွဲသော ကာတွန်းပုံ ဖြစ်သည်။

ကာတွန်းပုံတွင် ကျူရှင်သင်တန်းထဲမှ '**ဝါးဟားဟား၊ ရယ်ရတယ်ဟော့၊ ဟီးဟီးဟီး၊ ဟားဟား··ဟား**'ဟု ကျောင်းသားများ အသံများ ထွက်နေပြီး ကျောင်းသင်တန်းအပြင်ဘက်တွင် တောရွာမှ ဘကြီးတစ်ဦးနှင့် လူတစ်ဦးက ရယ်သံများကိုကြားပြီး စကားပြောကြသည်။

'**မြဝတီအငြိမ့်ပြိုင်ပွဲဝင်မလို့ လူရွှင်တော်တွေ တီးလုံးတိုက်နေတာထင်တယ်**'ဟု ဘကြီးက ပြောလိုက်ရာ ဘေးမှလူက '**ဟာ··အဘကလဲ၊ အဲ့ဒါ ကျူရှင်သင်တန်းပါဗျ**'ဟု ပြန်ပြောနေသော ကာတွန်းပုံဖြစ်သည်။ ယင်းကာတွန်းပုံမှာ (၂၃-၅-၁၉၉၇)ရက်နေ့ထုတ် ရတနာပုံသတင်းစာတွင် ဖော်ပြပါရှိခဲ့လေသည်။

ကဗျာကလောင် သွယ်အောင်ဖြင့် ကာတွန်းရေးဆွဲသောကြောင့် သူငယ်ချင်းကဗျာဆရာတစ်ဦးက ကျွန်တော့်ကို(သွယ်အောင်)ဖြင့် ကာတွန်းမဆွဲဖို့ အပြင်းအထန်ကန့်ကွက်သောကြောင့် သွယ်အောင်ဖြင့် ကာတွန်းမဆွဲတော့ဘဲ (စွာစော်ကဲ) ကလောင်ဖြင့်သာ ကာတွန်းများ ရေးဆွဲပါတော့သည်။

၁၉၉၇ နိုဝင်ဘာ ၁၇ ရက်တွင် မန္တလေး



စက်မှု လက်မှုအထက်တန်းကျောင်း(T.H.S)သို့ စက်ပစ္စည်းပြုပြင်ရေးကျောင်းမှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်စာကျလာပါသည်။ အံ့သြဖို့ကောင်းသည်မှာ (T.H.S)ကျောင်းသို့ ရုပဗေဒသင်ကြားရန် ဆရာအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသောနေ့သည် ကျွန်တော်၏ မင်္ဂလာသက်တမ်း နှစ်နှစ်ပြည့်သည့်နေ့နှင့် တိုက်ဆိုင်နေခြင်းဖြစ်သည်။

ကျွန်တော်လည်း (၁၇-၁၁-၁၉၉၇) ရက်နေ့ စက်မှု အထကကျောင်းရှိ ရုပဗေဒသင်ကြားရေးဌာနသို့ အလုပ်စတင်ဝင်ရောက်ရလေသည်။ လက်ရှိရုပဗေဒသင်ကြားနေသော ဆရာ ဦးမောင်မောင်ကြည်က ကျွန်တော့်အား နွေးထွေးစွာကြိုဆိုပြီး သင်ကြားရမည့် စာအုပ်များ၊ စာသင်ခန်းများနှင့် သင်ကြားရေးအချိန်တို့ ခွဲဝေပေးပါသည်။

စက်မှုလက်မှုအထက်တန်းကျောင်းမှာ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ လမ်း၇၀၏ အရှေ့ဘက်နှင့် အနောက်ဘက်ပေါ်တွင်ရှိပြီး လမ်း၇၀ သည် ကျောင်းကို အလယ်မှခွဲခြားထားသည်မှာ ထူးခြား၍နေတော့သည်။ ကျောင်းဘေး ပတ်လည်တွင် အစိုးရရုံးများစွာ ရှိနေသည်။ ကျောင်း၏ တောင်ဘက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရှေးဟောင်းသုတေသနရုံး၊ ကျောင်း၏ အနောက်ဘက်တွင် မိုးလေဝသနှင့် ဇလဗေဒရုံး၊ ကျောင်း၏ မြောက်ဘက်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ တိုင်းကျန်းမာရေးဦးစီးဌာနတို့ ရှိသည်။

ပတ်ဝန်းကျင်မှာ သစ်ပင်သစ်ရိပ်တို့ဖြင့် စိမ်းစိုပြီး အေးချမ်းတိတ်ဆိတ်လျက်ရှိသဖြင့် စက်မှု အ-ထ-က တွင် အလုပ်ဝင်ရောက်၍ စာသင်ကြားပေးရသည်မှာ စိတ်ချမ်းမြေ့ကြည်နူးရသည်။ ကျွန်တော်မှာ စာပေဌာနမှ သင်ကြားရေးဆရာဖြစ်သောကြောင့် ကျွန်တော်၏ နားနေခန်းမှာ လမ်း ၇၀၏ အရှေ့ဘက်တွင်ရှိပြီး မိမိစာသင်ချိန်ရောက် မှ လမ်း ၇၀ ၏ အနောက်ဘက် စာသင်ဆောင်များသို့ သွားရောက်ပြီး ကျောင်းသားများအား စာသင်ကြားရပါသည်။

ကျွန်တော်(T.H.S)စက်မှု အ·ထ·ကသို့ ရောက်ရှိချိန် ရက်နှစ်ပတ်အလိုတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ 'မန္တလေးနေ့စဉ်' သတင်းစာထုတ်ဝေမည်ဖြစ်ကြောင်း ကြိုတင်ကြားသိနေရသည်။ မန္တလေးနေ့စဉ်သတင်းစာထုတ်ဝေရန်အတွက် သတင်းစာတွင် လုပ်ကိုင်နိုင်မည့်သူများကို နီးစပ်ရာ ခေါ်ယူနေသည်ကိုလည်း မျက်သွယ်လက်ဖက်ရည်ဆိုင်စာပေစကားဝိုင်းမှတစ်ဆင့် သိနေရသည်။

မန္တလေးနေ့စဉ်သတင်းစာတွင် လုပ်ကိုင်ကြမည့်သူများထဲတွင် ကျွန်တော့်သူငယ်ချင်း စိုးနိုင်ဆွေ(နိုင်စေရ-မန်းတက္ကသိုလ်)နှင့် ကာတွန်းဆရာကိုတွတ်တွတ်တို့နှစ်ဦး ပါဝင်သဖြင့် သူတို့က ကျွန်တော့်အား သတင်းစာထွက်လျှင် ကာတွန်းရေးဆွဲပို့ပေးဖို့ ပြောကြသည်။ စာတည်းမှူးချုပ်မှာ ဆရာနတ်မောက်ထွန်းရှိန်ဖြစ်သည်။ ဆရာနတ်မောက်ထွန်းရှိန်၏ မန္တလေး ယဉ်ကျေးမှုဂျာနယ်တွင် ကျွန်တော့်ကဗျာပါရှိနေပြီး ဆရာရှိန်နှင့်လည်း ခင်မင်ရင်းနှီးပြီးဖြစ်ရာ မန္တလေးနေ့စဉ် သတင်းစာသည် မန္တလေးစာပေ အနုပညာရှင်များ၊ သတင်းစာဆရာများဖြင့် ထုတ်ဝေသောကြောင့် မန္တလေးနေ့စဉ်သတင်းစာ မထွက်ခင်ကတည်းက ရင်ခုန်မျှော်လင့်စောင့်စားနေမိသည်။

မန္တလေးနေ့စဉ်သတင်းစာတိုက်မှာလည်း ကျွန်တော်၏ စက်မှု အ·ထ·ကနှင့် နီးသဖြင့် သတင်းစာထွက်လာသောအခါ ကာတွန်းရေးဆွဲပြီး ကျောင်းမှ နေ့လယ်ပိုင်း ထမင်းစားနားချိန်တွင် ခြေကျင်လမ်းလျှောက်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးသို့ ကာတွန်းများ ပို့ဖြစ်သည်။

မန္တလေးနေ့စဉ်သတင်းစာသည် ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက် (စာဆိုတော်နေ့)တွင် အတွဲ(၁)၊ အမှတ်(၁)အဖြစ် ပန်းချီမောင်မောင်သိုက်၏ မျက်နှာဖုံးပန်းချီဖြင့် အောင်မြင်စွာ ထွက်ရှိလာသည်။ ရတနာပုံသတင်းစာသည် ၁၉၉၂ ခုနှစ်၊ မေ ၁ ရက် (ကမ္ဘာ့အလုပ်သမားနေ့)တွင် ထွက်ရှိခဲ့ပြီး မန္တလေးနေ့စဉ်သတင်းစာထက် ငါးနှစ် စောသည်။

ကျွန်တော်လည်း မန္တလေးနေ့စဉ်သတင်းစာထွက်ရှိလာသောကြောင့် ရတနာပုံသတင်းစာသို့ ကာတွန်းရေးဆွဲပေးပို့ခြင်း ကျဲသွားပြီး ကျွန်တော့်ကျောင်းနှင့် နီးသော မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ကာတွန်းများ ရေးဆွဲပို့ဖြစ်လေတော့သည်။

(၁၀-၁၂-၁၉၉၇)ရက်နေ့ထုတ် ၁၁ ရက်မြောက် မန္တလေးနေ့စဉ်သတင်းစာတွင် ကျွန်တော်၏ကာတွန်းပုံ ဖော်ပြပါရှိခဲ့လေသည်။ ကာတွန်းပုံမှာ မင်္ဂလာဆောင်ဖိတ်စာများ တစ်နေ့တည်း ရောက်ရှိလာသောကြောင့် မိန်းမဖြစ်သူ အတက်ရောဂါရသွားပြီး ဆရာဝန်ထံ ကုသနေသောပုံ ဖြစ်သည်။

ကာတွန်းပုံတွင် တက်နေသော မိန်းမနှင့် ယောက်ျားဖြစ်သူက ဆရာဝန်အား '**တစ်နေ့တည်း မင်္ဂလာဆောင်ဖိတ်စာဆယ်စောင်ရောက်လာလို့ ကျွန်တော့်မိန်းမလည်း ခုလို တက်သွားတော့တာပဲ··ဆရာ**'ဟု ရှင်းပြနေသောပုံ ဖြစ်သည်။

(၁၅-၁၂-၁၉၉၇)ရက်နေ့ထုတ် သတင်းစာတွင်လည်း ကျွန်တော်၏ ကာတွန်းပုံတစ်ပုံ ထပ်မံဖော်ပြခံရလေသည်။ ယင်းကာတွန်းပုံမှာ ဆေးရုံရှိ သွေးလှူဘဏ်တွင် ခြင်များ၏ အကိုက်ခံရမှုကို သရော်သောအားဖြင့် အသိပညာပေးကာ ရယ်စရာအဖြစ် ကာတွန်းရေးဆွဲခြင်း ဖြစ်သည်။

လူနာခုတင်ပေါ်မှ သွေးလှူနေသော သွေးလှူရှင်က ဘေးမှ ခြင်တဝီဝီအသံများကြောင့် ခြင်ကိုက်မည်စိုးပြီး သူနာပြုဆရာမအား '**ဆရာမ·· ကျွန်တော်လူနာတွေအတွက်ပဲ သွေးလှူတာနော်·· ခြင်တွေအတွက် မပါဘူး··**'ဟု လှမ်းစကားပြောနေသောပုံ ဖြစ်သည်။







# ဇေယျာသီရိမြို့နယ်၌ အခွန်ပညာပေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခွန်ထမ်းလုပ်ငန်းရှင်များ တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲတွင် ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်က အဖွင့်အမှာစကားပြောကြားပြီး သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေက တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





# ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်း ဆောင်ရွက်

**မြို့သစ် ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းကို ယနေ့ နံနက်ပိုင်းက မင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောဆောင်ရွက်ရာတွင် မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော်၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာမူလတန်းအဆင့် (KG မှ GRADE -5) အထိ ကျောင်းသား၊ ကျောင်းသူများအား သန့်ချဆေးတိုက်ကျွေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးခြင်း၊ သွားကျန်းမာရေးစစ်ဆေးခြင်း၊ မျက်စိအမြင်စစ်ဆေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်း ကျန်းမာရေးပညာပေးခြင်းနှင့် အာဟာရအုပ်စုအကြောင်း ကျန်းမာရေးပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းအိစွန့်(ပြန်/ဆက်)

o-o-o-o-o-o-o

# မိုးသီးနှံစုံ ၂၆၂၇ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် တိုက်နယ်(၁၂)ခုရှိပြီး ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံများ စိုက်ပျိုးလျက်ရှိရာ တိုက်နယ်(၇)၌ ဇူလိုင်လ လလယ်အထိ မိုးသီးနှံစုံ ၂၆၂၇ ဧက စိုက်ပျိုးပြီးကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

မိုးသီးနှံမျိုးစုံစိုက်ပျိုးရာ၌ ချည်မျှင်ရှည်ဝါ ၉၄၆ ဧက၊ ပဲတီစိမ်း ၆၃၁ဧက၊ ပဲစင်းငုံ ၂၁၇ဧက၊ ကုလားပဲ ၃၀၇ဧက၊ နှံစားပြောင်း ၁၀၇ဧက၊ ဖူးစားပြောင်း ၇၃ဧက၊ မိုးနှမ်း ၄၁ ဧက၊ နေကြာရှစ်ဧက၊ မြေပဲ ၅၁ဧက၊ အခြားပဲ ၉၁ဧက၊ ငရုတ်ပျော ၇၁ဧက၊ သရက် ၆၁ ဧက၊ သျှောက်ဖြူ ၁၁ ဧက၊ ကွမ်း ၁၂ ဧက၊ စုစုပေါင်း ၂၆၂၇ ဧက စိုက်ပျိုးပြီးကြောင်းနှင့် မိုးသီးနှံများ လျာထားချက် ပြည့်မီကျော်လွန်ရေး ကျေးရွာအုပ်စုများအလိုက် ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်းနှင့် တိုက်နယ်(၇)၌ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲ၊ ကြောင်၊ ဇရစ်ခဲ၊ အုန်းချော၊ ကြက်သားဟင်း ကျေးရွာအုပ်စု ၁၀ အုပ်စု ပါဝင်သည်။

ကျောက်ဆည်မြို့နယ်တွင် လျာထားသီးနှံများ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့မှ တောင်သူများနှင့်ပူးပေါင်း၍ စိုက်ပျိုးလျက်ရှိကြောင်းနှင့် စိုက်ပျိုးသီးနှံများအောင်မြင်ပြီး တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး သက်ဆိုင်ရာဌာနများမှ ဒေသနှင့်ကိုက်ညီ ပိုးမွှားဒဏ်ခံနိုင်သည့် အထွက်တိုးသီးနှံမျိုးစေ့များ ဖြန့်ဝေလျက်ရှိပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်များ အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)







ဖတ်စရာ၊ မှတ်စရာ
စုံလင်

# အလင်းတံခါး

* လမင်းလေးရေ. . .

ထွန်းလင်းသာယာသလို

မြေကမ္ဘာကို အေးမြစေခဲ့ ။

* ကြယ်ကလေးရေ. . .

လင်းလက်တဲ့အခါရှိသလို

အလင်းမှောင်တဲ့ ညလည်းရှိခဲ့ ။

* မိုးစက်ကလေးရေ. . .

ချစ်ခင်သူရှိသလို

အပြစ်တင်သူလည်းရှိခဲ့ ။

* ကရုဏာ၊ မေတ္တာပွားပြီး

ကြံ့ကြံ့ခိုင် မေတ္တာထား

ဖြစ်ခြင်း၊ ပျက်ခြင်းထဲက

သစ္စာတရားသည်သာ

အလင်းတံခါး။ ။

လှူပြာထက်

# ကင်းသာကျေးရွာစာကြည့်တိုက်နှင့် ကြက်သွန်ခင်းကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**တပ်ကုန်း ဩဂုတ် ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာ 'ရွှေဟသာ' စာကြည့်တိုက်နှင့် ကြက်သွန်ခင်းကျေးရွာ 'အလင်းတံခါး' စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်များရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကင်းသာကျေးရွာ 'ရွှေဟသာ' စာကြည့်တိုက်နှင့် ကြက်သွန်ခင်းကျေးရွာ 'အလင်းတံခါး' စာကြည့်တိုက်အဆောက်အအုံသစ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးနောက် စာကြည့်တိုက်မှူးများနှင့် သက်ဆိုင်ရာကျေးရွာတာဝန်ရှိသူများအား စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များ၊ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့ပြီး စာကြည့်တိုက်များအတွင်း ကျောင်းသား၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်၊ စာစောင်များ ထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# ပန်းတောင်းမြို့နယ်၌ ရခိုင်ပြည်နယ်သို့သယ်ဆောင်မည့် ငွေကျပ် သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကိုတွေ့ရစဉ်။



စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်သူ တရားခံ မြတ်မင်း၊ ကျော်ကျော်ဝင်းနှင့် ခင်မောင်လွင်တို့အား သယ်ဆောင်ယာဉ်များနှင့် အတူတွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂

ပန်းတောင်းမြို့နယ်၌ ရခိုင်ပြည်နယ်သို့သယ်ဆောင်မည့် ငွေကျပ် သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၁ ရက် ည ၉ နာရီခွဲတွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ပန်းတောင်းမြို့နယ် ပုသိမ်-မုံရွာလမ်း ရေကျော်ကျေးရွာလမ်းဆုံအနီး၌ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း (၎င်းဒေသတန်ဖိုးငွေကျပ် သုံးဘီလီယံခန့်)သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ရန်ကုန်မှဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်ဝင်းနှင့် ပူးပေါင်းပါဝင်သူ ခင်မောင်လွင်တို့အား မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက် မြို့ပတ်လမ်းရှိနေအိမ်တွင်လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများကို နေအိမ်၌သိမ်းဆည်းထားခဲ့ပြီး ရန်ကုန်မှ ကြံခင်းမြို့သို့ မော်တော်ယာဉ်ဖြင့်သယ်ဆောင်ခဲ့သူ မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်ရှိကိုကိုနိုင်၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မြတ်မင်းအား Canter Box ယာဉ်၊ Minicab ယာဉ်နှစ်စီးတို့နှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း၊ ကြံခင်းမြို့မှ ပန်းတောင်းမြို့နယ်သို့ လီဖန်းယာဉ်ဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခဲ့သူ ကြံခင်းမြို့နယ် သဲဖြူကျေးရွာနေ စိုးမင်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ခဲ့သည့် Lifan အမျိုးအစား ယာဉ်တစ်စီးအား ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မှရခိုင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်သူ တင်အောင်မိုး၏ အစီအမံဖြင့် မင်းစည်သူနှင့် ဖိုးအေးတို့က ရန်ကုန်မြို့၌ ပန်းတောင်းမြို့နယ်နှင့် မင်းတုန်းမြို့နယ်ကြားရှိ နယ်စပ်သို့ တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်ဝင်းထံလွှဲအပ်ခဲ့ပြီး ကျော်ကျော်ဝင်း၊ ကိုကိုနိုင်နှင့်မြတ်မင်းတို့သည် အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မြို့ရှိ ကိုကိုနိုင်၏ နေအိမ်တွင်ခေတ္တသိမ်းဆည်းထားခဲ့ပြီး ရန်ကုန်မှ ကြံခင်းမြို့သို့ မော်တော်ယာဉ်ဖြင့်သယ်ဆောင်ခဲ့ကြောင်း၊ ကြံခင်းမှ ပန်းတောင်းသို့ Lifan ယာဉ်ပိုင်ရှင်စိုးမင်းနှင့် ယာဉ်မောင်းတင့်ဆွေတို့က ဆက်လက်သယ်ဆောင်ခဲ့ကြပြီး ပန်းတောင်းမြို့နယ်မှတစ်ဆင့် ရဲနိုင်နှင့် မိုးထိတို့က ရခိုင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ခြင်း ဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

သွင်းယူခဲ့ပြီး ပွဲကိုဦးဆောင်ခဲ့သည်။ တတိယဦးဆောင်ဂိုးကို အောင်မျိုးခန့်က သွင်းယူခဲ့ပြီး အဆုံးသတ်အနိုင်ဂိုးကို ဆိုင်တို၏ ဘယ်ခြမ်းက ဂိုးရှေ့ချ ပေးမှုကို အီစီက အပိုင်သွင်းယူပေးနိုင်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ခြေစမ်းပွဲ ၃ ပွဲယှဉ်ပြိုင်ကစားခဲ့ပြီး ပြီးခဲ့သည့် မြဝတီအသင်းကို ၅ ဂိုး၊ ၁ ဂိုး၊ Glory Goal အသင်းကို ၄ ဂိုး၊ ၀ ဂိုး၊ ISPE အသင်းကို ၄ ဂိုး၊ ၁ ဂိုးဖြင့် အသီးသီးအနိုင်ရရှိထားခဲ့သည်။

(NGB)



## ရေဝင်ရောက်ခဲ့သည့် နေရာများအား စုပေါင်းသန့်ရှင်းရေး ပြုလုပ်

ကလော ဩဂုတ် ၂

၂၀၂၅ ခုနှစ် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ်၊ ကလောမြို့၊ အမှတ်(၄) ရပ်ကွက်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်ခဲ့သည့် နေရာများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့် ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၅၀ ဦးဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

## အသက် ၁၃ နှစ်အောက် မြို့နယ်ပညာရေးမှူးဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မန္တလေး ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ ပညာရေးသာမက ကာယဉာဏ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အသက် ၁၃ နှစ်အောက် မြို့နယ်ပညာရေးမှူး ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက မြို့နယ်အားကစားကွင်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ်ပညာရေးမှူး ဦးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး အဖွင့်ပွဲစဉ်အဖြစ် အလင်းအားမာန်အသင်းနှင့် KMC အသင်းတို့ ဦးစွာ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် အသင်း(၁၀) သင်း ဝင်ရောက်ပါဝင်ယှဉ်ပြိုင်စေပြီး ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ အုပ်စုပတ်လည် ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအား ဩဂုတ် ၇ ရက်တွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။ (၀၅၆)

# ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြ ဆရာမတစ်ဦး သေဆုံး

နေပြည်တော် ဩဂုတ် ၂

PDF အမည်ခံအစွန်းရောက်အကြမ်းဖက်သမားများ အနေဖြင့် ပညာရေးဆိုင်ရာ ရုံး ဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များအား စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြဆရာမတစ်ဦး သေဆုံးမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၁ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဆည်ရွာကျေးရွာ၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဇူလိုင် ၃၁ ရက် ည ၁၂ နာရီခွဲတွင် အဆိုပါကျေးရွာနေ ဆည်ရွာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ မူလတန်းပြဆရာမဖြစ်သူ ဒေါ်ဝါဝါမိုး (၄၈) နှစ်သည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်သွားခဲ့သဖြင့် ဒေါ်ဝါဝါမိုးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်အား ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရွှေကူမြို့နယ်၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူသုံးဦး သေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၂

အကြမ်းဖက်အဖွဲ့များသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် ၎င်းတို့အပေါ် အကြောက်တရားများ လွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် ရွှေကူမြို့အတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ရွှေကူမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ "သိန်းကမ္ဘာ"သံတို/သံစရောင်းဝယ်ရေးဆိုင်ရှေ့သို့ ဗုံးသီးကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါပေါက်ကွဲမှုကြောင့် အမှတ်(၁)ရပ်ကွက်နေ အခြေခံပညာအလယ်တန်းကျောင်း(ခုံခမ်း)မှ ကျောင်းသားများဖြစ်သော မောင်မျိုးသော်တာအောင်(၁၂)နှစ်၊ မောင်လင်းရဝေအောင်(၈)နှစ်နှင့် အမှတ်(၁)ရပ်ကွက်နေ ဦးအောင်ကျော်ဦး(၄၉)နှစ်တို့တွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး တစ်ရပ်ကွက်တည်းနေသူများဖြစ်ကြသည့် အခြေခံပညာအလယ်တန်းကျောင်း(ခုံခမ်း)မှ ကျောင်းသားဖြစ်သူ မောင်ပိုင်ခန့်ကိုကို(၁၃)နှစ်၊ ဦးစိုးနိုင်ဦး(၄၁)နှစ်၊ ဒေါ်ခင်မာလွင် (၆၂)နှစ်၊ ဒေါ်ဝင်းသန္တာ(၂၆)နှစ်၊ မောင်ဝေယံမွန်(၁၅)နှစ်နှင့် ဒေါ်ခင်မြင့်(ခ)ခင်ဦး(၅၃)နှစ်တို့တွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ရွှေကူမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရား ကင်းမဲ့စွာ ပြုလုပ်နေမှုများကြောင့် ကလေးသူငယ်များအပါအဝင် အပြစ်မဲ့ အရပ်သားပြည်သူများ သေဆုံး/ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်အမှတ်(၄၇-ခ)၊ (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ နံကပ်နှစ်ထပ် အဆောက်အအုံ(ရေမီးအစုံ)အပါအဝင် မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ခင်မြမြ (၉/မရတ(နိုင်)၀၆၇၃၈၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇-ရက်)အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး(ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၁-၁၁/၄၁+၄၄)၊ ၆၃-A လမ်း၊ ၃၉-A လမ်းနှင့်လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

---

**ပျောက်ဆုံးကြောင်း**

မကျိန်ပီရှမ်း(ခ)မိုးသဇင်နွယ်(ဘ)ဦးကျိန်ဝမ်ဖူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခန(နိုင်)၁၀၈၂၀၈)ကိုင်ဆောင်သူ၏ Passport No - MG052830 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မကျိန်ပီရှမ်း(ခ)မိုးသဇင်နွယ် ဖုန်း ၀၉-၆၈၆၆၀၃၈၇၀**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၂၀)၊ ဦးပိုင်အမှတ်(၅-ခ)၊ ဧရိယာ (၀ ဒသမ ၁၅၄၇)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးကျော်ဝင်း(ပါ-၂)ဦး အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ကြိမ်(၁/မညန(နိုင်)၀၉၉၂၈၀)ထံမှ ကျွန်တော် ဦးအောင်သူဝင်းက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သူဝင်း(ဘ)ဦးကျော်အေး**
**၉/ တတဥ(နိုင်)၀၈၈၉၄၈**
**အကွက်(တတ-၄၀/၅၁)၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်။**
**၀၉-၇၇၇၇၇၁၄၃၅၊ ၀၉-၉၇၂၀၀၂၀၈၀**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်အမှတ်(၁၆၇)၊ ဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးငွေးဆောင်(ဘ)ဦးချစ်တီး[၉/မနတ(နိုင်)၀၄၁၄၉၃] နှင့် ဒေါ်သောင်းကြည်(ဘ)ဦးလွန်အုံတို့ (၂)ဦး အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ ဦးငွေးဆောင် ပိုင်ဆိုင်သော အနောက်ဘက်ခြမ်းဧရိယာ (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဇနီး ဒေါ်ညွှာ(ဘ)ဦးရာကျော်[၉/မနတ(နိုင်)၀၄၆၆၃၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ**
**B.A(Hist), H.G.P**
**အထက်တန်းရှေ့နေ**
၅၃လမ်း၊ ၁၁၀(A)လမ်းနှင့်၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်အမှတ်(၃၅)၏ အရှေ့ဘက်ခြမ်း ဧရိယာ (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်မြင့်မြင့်မာ(ဘ)ဦးခင်မောင်မြင့် [၉/မရတ(နိုင်)၁၁၅၃၆၅] အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမိုးလွင်ဦး(ဘ)ဦးညွန့်မောင်[၉/မရမ(နိုင်)၀၇၃၃၃၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ**
**B.A(Hist), H.G.P**
**အထက်တန်းရှေ့နေ**
၅၃လမ်း၊ ၁၁၀(A)လမ်းနှင့်၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်နံပါတ်(၉၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၄၀×၃၀) အကျယ်အဝန်းရှိ ဦးစန်းယု အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၃၀) အကျယ်အဝန်းရှိ မြေကွက်၊ ဦးပိုင်နံပါတ်(၉၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်များ၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းမြတ်ယဉ်(ဘ)ဦးလှယဉ်(၉/မနမ(နိုင်)၀၀၁၃၇၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်များအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်နံပါတ်(၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရကာ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ဆွေ(ဘ)ဦးမာချော(၉/မနမ(နိုင်)၀၈၅၃၇၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၅)၊ ဦးပိုင်နံပါတ်(၁၂၅-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးဗိုလ် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန်းရွှေ(ဘ)ဦးအောင်ရင်(၉/သစန(နိုင်)၀၃၈၈၉၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၁)၊ ဦးပိုင်နံပါတ်(၂-ခ)ဟု ခေါ်တွင်သော ဧရိယာ (၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဦးမျိုးဆွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလှမောင်(ဘ)ဦးသန်း(၉/မရမ(နိုင်)၀၅၅၄၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးကြည်ယံ (LL.M)** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

---

**ပျောက်ဆုံးကြောင်း**

ဦးအောင်ကျော်စိုး(ဘ)ဦးရန်ကျီချင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မကန(နိုင်)၀၆၆၀၂၄)ကိုင်ဆောင်သူ၏ Passport No. MDY-25-040835 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးအောင်ကျော်စိုး**
**ဖုန်း ၀၉-၄၀၂၆၃၀၀၀၇**

---

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၁၁)၊ ဦးပိုင်အမှတ်(၇)၊ ၂၅လမ်းနှင့် ၂၆လမ်းကြား၊ လမ်း၉၀နှင့်၉၁လမ်းကြားရှိ ဒေါ်သူဇာမြင့်၊ ဒေါ်နီလာမြင့်၊ ဒေါ်မျိုးသီတာအေးတို့ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၀၂၉/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်သူဇာမြင့်(၉/မနတ(နိုင်)၀၀၄၃၃၇)၊ ဒေါ်နီလာမြင့်(၉/မနတ(နိုင်)၁၀၁၆၆၇)တို့က အမှုတွဲအမှတ်(၀၁၉၈/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကိုအစဉ်ဖွင့်လှစ် ကြိုဆိုလျက်ရှိပါသည်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ဖော်ထုတ်ထိန်းသိမ်းရေး ဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ဖော်ထုတ်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်-ရန်ကုန် လူစီးအမြန်ရထားဖြင့် ပြည်သူများနှင့်အတူ လိုက်ပါစီးနင်း

နေပြည်တော် ဩဂုတ် ၂

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း နေပြည်တော်မှ တောင်ငူမြို့သို့ထွက်ခွာခဲ့ကြပြီး လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လူနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းလျက်ရှိမှု**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့သို့ရောက်ရှိကြပြီး တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာ၊ အနောက်ဘက်မြို့ရိုးနေရာရှိ မြို့ရိုးတူးဖော်ထိန်းသိမ်းထားရှိမှုနှင့် ရေကျုံးနေရာနှင့် မြို့ရိုးအပြင်ပတ်လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မင်းကြီးညို (အေဒီ ၁၄၈၅ - ၁၅၃၁) တည်ထောင်ခဲ့သည့် တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ရှေးဟောင်းမြို့ရိုးနှင့် ကျုံးတူးဖော်သုတေသနပြုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ဟောင်းအဝင် တံတားနေရာများနှင့် တံတားပုံစံများကိုလည်း ပြန်လည်ဆန်းစစ်ဖော်ထုတ်လေ့လာသွားရန်လိုပြီး တည်ဆောက်၍ရနိုင်သည့်နေရာများတွင် တည်ဆောက်သွားရန်လိုကြောင်း၊ ပြောင်းရွှေ့ရန်လိုအပ်သည့် ဝန်ကြီးဌာနအဆောက်အအုံများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**တောင်ငူမြို့ရှောင် ရထားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်ငူဘူတာသို့ရောက်ရှိကြရာ ဘူတာရုံရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက တောင်ငူမြို့ရှောင်ရထားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရထားလမ်းအကြောင်းနှင့် ရထားလမ်းဆိုင်ရာအချက်အလက်များ၊ တောင်ငူဘူတာရုံအသစ် တည်ဆောက်ရန် လျာထားဆောင်ရွက်ထားရှိမှု၊ ရထားလမ်းနှင့် ဘူတာအဝင်ကားလမ်းနယ်နိမိတ်သတ်မှတ်မှု၊ ဖို့မြေလုပ်ငန်းဆောင်ရွက်သွားမည့် အစီအမံများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရထားလမ်းနှင့် ဘူတာရုံအသစ်တည်ဆောက်ရာတွင် အစကောင်းမှ အနှောင်းသေချာဟူသည့်အတိုင်း ရေရှည်တည်တံ့ကောင်းမွန်စေရေး သတ်မှတ်စံချိန်စံညွှန်းများအတိုင်းလုပ်ငန်းစဉ်အဆင့်အလိုက် အရည်အသွေးပြည့်မီအောင် တည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားခရီးစဉ်အတိုင်း ခရီးသွားပြည်သူများနှင့်အတူ လိုက်ပါစီးနင်း**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် စာမျက်နှာ ၅ သို့

## ရန်ကုန်ယူနိုက်တက်အသင်းက ISPE အသင်းကို ၄ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂

ယနေ့နံနက်ပိုင်းက YUSC ကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်း နှင့် ISPE အသင်းတို့ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်အသင်းက ၄ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်အသင်းအတွက် ဦးဆောင်ဂိုးကို ဟားမားက ၉ မိနစ်တွင် သွင်းယူပေးခဲ့ပြီး ISPE အသင်းအတွက် ချေပဂိုးကို သန်းတိုးအောင်က ပွဲချိန် ၂၅ မိနစ်တွင် သွင်းယူပေးခဲ့ကာ ပထမပိုင်းပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီနှင့် သရေရလဒ်ထွက်ပေါ်နေခဲ့သည်။ ဒုတိယပိုင်းတွင် ဟားမားအစား ဝင်ရောက်လာသည့် မိုဂူးက ဦးဆောင်ဂိုး

✡ စာမျက်နှာ ၁၆ သို့

